ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

၁၁-၈-၁၈ ပါဠိပါရဂူ အဂ္ဂမဟာအကျော်

အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)

၏

# စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်

(တိပိဋကဓရဓမ္မလက်ဆောင်-၇)

တတိယအကြိမ်ဓမ္မဒါန

အသက် ၆၀ ပြည့် အထိမ်းအမှတ်

သာသနာတော်နှစ် ၂၅၄၆ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ် ခရစ်သက္ကရာဇ် ၂၀၀၂ ခုနှစ်

BURMESE CLASSIC .com



တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ

• [illegible]

BURMESE CLASSIC .com

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နန္ဒဝနလမ်း၊
မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်
**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ**
သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော်
**အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)**
**၏**

# ဓါတ်ဓာတ်ကိုမြင့် လူပါပိုင်ခွင့်

# တိပိဋကဓရ ဓမ္မလက်ဆောင် (၇)

## တတိယအကြိမ် ဓမ္မဒါန

## အသက် ၆၀ ပြည့် အထိမ်းအမှတ်

သာသနာနှစ် ၂၅၄၆၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၀၃ခုနှစ်၊

www.burmeseclassic.com

သာသနာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်အမှတ် - ၄၂/ ၂၀၀၂ (၆၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃ / ၂၀၀၂ (၁)

အုပ်ရေ (၁၀၀၀၀)

၂၀၀၃ - ခုနှစ်

အဖုံး+အတွင်းသား “မြစ်သာပုံနှိပ်တိုက်”

စာအုပ်ချုပ် “မြစ်သာမိသားစု”

ဓမ္မဒါန

ဦးအောင်မြ (၀၉၁၀-မြဲ) “မြစ်သာပုံနှိပ်တိုက်”

အမှတ် (၁၄၀)၊ ၃၇-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍

ဒေါ်ရွှေအိမ်၊ အမှန် ၆၅၊ အုပ်စု-၃၊

အောင်သိဒ္ဓိလမ်း၊ တိုင်းလင်းစာပေ၊ ရန်ကုန်မြို့က

ထုတ်ဝေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ဝိသုဒ္ဓါရုံ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော်

# အရှင်သီရိန္ဒာဘိဝံသ (ယော)

၏

# စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်

## တိပိဋကဓရ ဓမ္မလက်ဆောင် (၇)

နမောဗုဒ္ဓဿ

## ၁။ စိတ်မြင့်မားသော် စွမ်းအားပေါ်

* ယုံသလောက်၊ လက်ခံတာ၊ သဒ္ဓါတိုးမြင့်စေ။
* အားထုတ်နိုင်မှု၊စွမ်းအားရ၊ လုံ့လထက်သန်စေ။
* အကြားမရှိ၊ ဆက်စပ်သိ၊ သတိစွဲမြဲစေ။

www.burmeseclassic.com

* **စူးစိုက်နိုင်ငြား၊ စိတ်မြင့်မား၍ စွမ်းအားရရှိ သမာဓိ၊ အားပြည့်ခိုင်မာစေ။**
* **အသိဉာဏ်ရှင်၊ စွမ်းအားမြင်၍၊ ကြည်လင် လမ်းမှန်၊ ပညာဉာဏ်၊ ကောင်းမွန်သန့်ရှင်း စေ။**
* **စိတ်မြင့်မားသော်၊ စွမ်းအားပေါ်၊ ရွှင်ပျော် အားတက်ပေ။**
* **စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုး စားလေ။**

လူတိုင်းအတွက် တရားကပေးထားသော အခွင့် အရေးမှာ လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်ဖြစ်၏။ ပဋ္ဌာန်း တွင် ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်းပေတည်း။ လူတိုင်း ကိုယ်နားလည်သလို ကြိုက်နှစ်သက်ရာကို လုပ်နေ ကြ၏။ သို့သော် စိတ်ဓာတ်ကိုမမြှင့်လျှင် လုပ်ပိုင်ခွင့် လွဲ၍ မလိုလားအပ်သော ပူလောင်စပ်ခါးသော ခံစား

ခွင့်နှင့် ထိပ်တိုက်ရင်ဆိုင် တိုးတက်ရလေသည်။ စိတ်ဓာတ်ကိုမြှင့်ပေးမှ လုပ်ပိုင်ခွင့်မှန်ကန်ပြီး လိုအပ်သောခံစားခွင့်ကောင်းကျိုးကို ရနိုင်မည်ဖြစ်သည်။ ခံစားခွင့်ကား လုပ်ပိုင်ခွင့်ကဲ့သို့ လိုချင်သလို ကြိုက်သလိုရနိုင်မည်မဟုတ်ဘဲ ကိုယ့်မှာ ရှိထားသလိုသာ ရနေခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ခံစားခွင့်မြင်လိုလျှင် လုပ်ပိုင်ခွင့်မြင့်အောင် စိတ်ဓာတ်ကို မြှင့်ပေးရမည်ဖြစ်သည်။ ယုံကြည်သလောက်သာ ကောင်းသော လုပ်ပိုင်ခွင့်ကိုလက်ခံနိုင်သည်ဖြစ်၍ များများလက်ခံနိုင်အောင် ယုံကြည်ချက် သဒ္ဓါစွမ်းအားကို တိုးမြှင့်ပေးရ၏။ ယိုင်လဲနေသောစိတ်ကို လှုံ့လဖြင့် ထူမ တည့်မတ်ပေးရ၏။ ကောင်းကျိုးစွမ်းအားကိုပြ၍ ရဲစိတ် သွင်းပေးရ၏။ အားပြတ်၍ ရပ်တန့်နေသောစိတ်ကို အားသွင်းကာ အားဖော်ထုတ် ပေးရ၏။ စွမ်းအားအပင် ပေါက်အောင်လည်း အားစိုက်ပေးရ၏။ အာရုံချင်းကပ်၍

အသိချင်းစပ်နေအောင်လည်း သတိစွဲမြဲစေရ၏။ လုံ့လကို တည့်မတ်အောင် ထိန်းပေးနိုင်သည့် စူးစိုက်မှု သမာဓိကိုလည်း အထူးလိုအပ်၏။ ၎င်းကို ထိန်းချုပ်ပေးနိုင်သည့် အမြင်ပြတ်သား ထူးခြားသော အသိပညာကိုလည်း အလွန်လိုအပ်လှပေ၏။ ဤသို့ စိတ်ကို မြင့်အောင် မြှင့်ပေးမှ ကိုယ်ပိုင်စွမ်းအားကို အမှန်တကယ်ပေါ်လာအောင် ဖော်ထုတ်နိုင်မည် ဖြစ်ပေသည်။

## ၂။ ကိုယ့်ကိုကိုယ်မြှင့် လုပ်ပိုင်ခွင့်

- **ကြိုက်သလောက်သာ၊ ပေးလှူပါ၊ ကိုယ်သာပဓာန။**
- **နိုင်သလောက်သာ၊ စောင့်ထိန်းပါ၊ ကိုယ်သာအဓိက၊**
- **လိုသလောက်သာ၊ စူးစိုက်ပါ၊ ကိုယ့်မှာအခွင့်ရ။**

* **မြင်သလောက်သာ၊ ရှုပွားပါ၊ ကိုယ့်မှာ စွမ်းအားရ။**
* **ကိုယ်ပိုင်အလုပ်၊ ဥစ္စာထုပ်၊ ကိုယ်လုပ်သမျှရ။**
* **ကိုယ့်ကိုကိုယ်မြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစားကြ။**

ကောင်းမှုစွမ်းအားကို ကြိုးစား ဖြည့်ကျင့်ရာ၌ မည်သူမျှ မိမိကို ကန့်သတ်ချုပ်ချယ်ပိုင်ခွင့်မရှိဘဲ မိမိသာ ပဓာနဖြစ်လေသည်။ "ဤမျှသာပေးလှူရမည်" ဟု မည်သူမျှ ကန့်သတ်တားဆီးခွင့်မရှိ၊ မိမိ ကြိုက်သလောက် ပေးလှူနိုင်ခွင့်ရှိ၏။ ထင်းရောင်းသမားတဿသည် သမီးရွေးယူရန်ရှာခဲ့သည့် ငွေအကုန်လုံးလှူခဲ့ဖူး၍ ဂေါပါလ သူဌေးသမီးသည် ဆင်းရဲသူအဖြစ်သို့ ရောက်သွားသောအခါ မိမိအလွန်မြတ်နိုးလှသည့် ဆံပင်ကိုပင်ဖြတ်၍ ရောင်းကာ လှူခဲ့လေသည်။ သီလ သမာဓိပညာ သိက္ခာ (၃) ပါးကိုလည်း

"ဤမျှသာကျင့်ရမည်" ဟု မည်သူမျှ ဘောင်ခတ်ချုပ်ချယ်ပိုင်ခွင့်မရှိချေ။ မိမိနိုင်သလောက် သီလဖြည့်နိုင်၏။ လိုသလောက် စူးစိုက်မှုသမာဓိကို ပွားနိုင်၏။ မြင်သလောက် ဝိပဿနာပညာကို ပွားများသုံးသပ်ခွင့်ရလေသည်။ ပသေနဒီကောသလမင်း၏အမတ် ကိုဉာဏ်ထူးသည် အကျဉ်းထောင်ထဲ၌ သီလ၊ မေတ္တာ၊ ဝိပဿနာကို သောတာပန်ဖြစ်အောင် ဖြည့်ကျင့် မြှင့်တင်ကြိုးစားခဲ့၏။ သူကြွယ်သား အရှင်တိဿသည် လူဆိုးများလက်ထဲ၌ ရဟန္တာဖြစ်အောင် အားထုတ်ပြခဲ့၏။ ကျားဆွဲခံရသော ရဟန်းတစ်ပါးသည် ကျားပါးစပ်ထဲ၌ ရဟန္တာဖြစ်အောင် ကြိုးစားပြခဲ့၏။ ကိုယ့် လုပ်ပိုင်ခွင့်ကို ကိုယ်သုံး၍ စိတ်ကိုမြှင့်တင် ကြိုးစားနိုင်ရန် ကိုယ်ပိုင်အခွင့်အရေးကို မိမိတို့ အသေအချာရရှိနေကြပေသည်။ ကိုယ့်စိတ်ကို ကိုယ်သာကန့်သတ်ပိုင်ခွင့်ရှိလေသည်။

## ၃။ ဂုဏ်ရည်ထွန်းတောက် လူတစ်ယောက်

* ဘုရားပွင့်ရာ၊ သာသနာ၊ ကြုံတာဘဝမြောက်။
* လမ်းညွှန်ပေးပြောႏ၊ ပုဂ္ဂိုလ်များ၊ ကြုံပြောႏဘဝ မြတ်။
* တရားရှိရာ၊ အရပ်မှာ၊ ဖြစ်တာဘဝမြောက်။
* အင်္ဂါကြီးငယ်၊ ပြည့်စုံကြွယ်၊ ခန့်ထယ်ဘဝမြတ်။
* လိမ္မာသွက်လက်၊ လွန်ထက်မြက်၊ မြင့်တက်ဘဝ မြတ်။
* ကုသိုလ်ဆန္ဒ၊ လွန်ပြင်ပြ၊ မြင့်လှဘဝမြတ်။
* အကောင်း (၆)ဖြာ၊ ပြည့်စုံပါ၊ မြင့်တာဘဝ မြတ်။
* ဂုဏ်ရည်ထွန်းတောက်၊ လူတစ်ယောက် အံ့ လောက်ချီးမွမ်းအပ်။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစား အပ်။

ယခု မိမိတို့ရရှိနေသော ဘဝသည် စိတ်ဓာတ်ကို မြှင့်လျှင် လုပ်ပိုင်ခွင့် အပြည့်ရှိသော ဘဝကောင်း ပေတည်း။ အဆင့်မြင့်လမ်းညွှန်ချက် ပြည့်ဝစုံလင် သော ဘုရားသာသနာနှင့်လည်း တွေ့ကြုံနေရ၏။ တရားလမ်းမှန်ကို ညွှန်ပြပေးတတ်သော မိကောင်း ဖကောင်း၊ ဆရာကောင်း၊ သမားကောင်း မိတ်ကောင်း၊ ဆွေကောင်းတို့နှင့်လည်း တွေ့ကြုံခွင့်ရထား၏။ အလို ရှိရာ ကောင်းမှုကို အလိုရှိရာအခါ၌ အချိန်မရွေး ပြုလုပ်ခွင့်ရှိသည့် သူတော်ကောင်းတရားထွန်းကားရာ အရပ်၌လည်း နေထိုင်ရ၏။ မျက်စိ နား အင်္ဂါခြေ လက် ပြည့်စုံ၏။ သွက်လက်ထက်မြက်သော လူလိမ္မာ ဖြစ်ခွင့်ရ၏။ ကုသိုလ်ကို တန်ဖိုးထားသူလည်း ဖြစ်ခွင့် ရ၏။ မိမိ၏လုပ်ပိုင်ခွင့်ကို အပြည့်အဝရရှိထားသည် ဖြစ်ရကား စိတ်ဓာတ်ကိုမြှင့်၍ လုပ်ပိုင်ခွင့်ကိုသုံးကာ လမ်းဖွင့်ပြီး အထူးကြိုးစားရမည်ဖြစ်ပေသည်။

## ၄။ တရားကိုချစ် လူအစစ်

* သီလလည်းပျက်၊ မငြိမ်သက်ဘဲ၊ အသက်ရှည်ကြာ၊ နှစ်တစ်ရာ၊ မှန်စွာမမြတ်ကဲ့ရဲ့အပ်။
* သီလလည်းရှိ၊ သမာဓိစင်၊ မှတ်သိဝင်က၊ တစ်ရက်မျှ၊ ရှင်ရအသက်မြတ်။
* တန်ဖိုးမြင့်တက်၊ ဤတစ်ရက်မှာ၊ ဝမ်းသာအားရ၊ လူ့ဘဝ၊ မုချရကျိုးနပ်။
* တရားကိုမုန်း၊ လူဖြစ်ရှုံးငြား၊ တရားချစ်မှ၊ လူဖြစ်ရ၊ မုချအစစ်မှတ်။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားအပ်။

ကိုယ်ကျင့်သီလလည်းပျက် စိတ်လည်းမငြိမ်သက် တရားအရှိကိုလည်း သိခွင့်မရလျှင် ခံစားခွင့် ဆုံးရှုံး

အောင်လုပ်ပိုင်ခွင့်ကို ဖြုန်းပစ်နေသူ ဖြစ်သောကြောင့် နှစ်ပေါင်းတစ်ရာမက အသက်ရှည်ရသော်လည်း မမြတ်ချေ။ လူဖြစ်ရကျိုး မနပ်ချေ၊ ကိုယ်ကျင့်သီလလည်း ပြည့်စုံ စိတ်လည်း တည်ကြည်ငြိမ်သက် တရားအရှိကိုလည်း သိခွင့်ရလျှင် ထူးခြားသော ခံစားခွင့်နှင့် ထိုက်တန်သည့် လုပ်ပိုင်ခွင့်ကို သုံးနေသူ ဖြစ်ရကား တစ်ရက်တည်းမျှပင် အသက်ရှင်ရစေကာမူ မြင့်မြတ်လှပေ၏။ လူဖြစ်ရကျိုးနပ်လှပေ၏။ စွမ်းရည်မပါသော ဗလာအသက်ဖြင့် ဆင်းရဲမကုန်ဆုံးနိုင်ဘဲ တရားစွမ်းရည်ဖြင့်သာ အပူဆင်းရဲငြိမ်း၍ ချမ်းသာအစစ်ကိုရနိုင်မည် ဖြစ်သောကြောင့် လူ့အသက်တန်ဖိုးကို အချိန်ကာလဖြင့် မသတ်မှတ်ဘဲ လုပ်ပိုင်ခွင့် တရားစွမ်းရည်ဖြင့်သာ တိုင်းတာရလေသည်။ တရားကိုချစ်မှ လူအစစ်ဖြစ်ခွင့် ရပေသည်။

## ၅။ ပိုင်တာလုပ်မှ စိတ်အေးရ

* ခန္ဓာအငှား၊ အလုပ်များလည်း၊ အငှားတွေသာ၊ လုပ်ရပါ၊ ကိုယ့်ဟာ ဘာမှမဟုတ်။
* ကောင်းမှုတရား၊ ကိုယ်ပိုင်များ၊ ကြိုးစားကိုယ့်အလုပ်။
* အပိုင်အငှား၊ နှစ်ပါးကြောင်းရာ၊ ဆုံသောခါ၊ ပိုင်တာဦးစွာလုပ်။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားလုပ်။

တရားမျက်စိဖြင့်ကြည့်လျှင် မိမိ၏ခန္ဓာလည်း တစ်နေ့နေ့တွင် ပြန်အပ်နှံရမည့် အငှားသာဖြစ်၏။

ခန္ဓာက တာဝန်ပေးသမျှ အလုပ်များလည်း တရားမပါလျှင် အငှားအလုပ်ချည်းသာဖြစ်၏။ ပါရမီ အနှစ်ကောင်းမှု တရားအစစ်သည်သာ သွားလေရာအတူလိုက်ပါမည့် ကိုယ်ပိုင်များဖြစ်၏။

ဉာဏ်အမြော်အမြင်ကြီး၍ ကိုယ့်လုပ်ပိုင်ခွင့်ကို ပိုင်နိုင်စွာ နားလည်ထားသူများသည် အငှားအလုပ်နှင့် ကိုယ်ပိုင်အလုပ်နှစ်မျိုး တိုက်ဆိုင် တွေ့ဆုံလာသောအခါ ကိုယ်ပိုင်အလုပ်ကိုသာ ဦးစားပေး၍ လုပ်ကြ၏။ မလွှဲမရှောင်သာသော အငှားအလုပ်ကို နေ့စဉ်လုပ်နေရသကဲ့သို့ ကိုယ်ပိုင် အလုပ်ကိုလည်း နေ့စဉ် နေ့တွက်ကိုက်အောင် မဖြစ်မနေ ကြိုးစားလုပ်ကြ၏။ ဉာဏ်အမြင်ရှင်းလွန်းသူများကား အငှားအလုပ်ကို လုပ်ရင်းပင် ကိုယ်ပိုင်အလုပ်ဖြစအောင် လမ်းရှင်းပြီး ကြိုးစား ပြုလုပ်တတ်ကြလေသည်။ ကိုယ်ပိုင်မရှိသေးသမျှ ဘာတွေပဲလုပ်လုပ် စိတ်မအေးရသေးချေ။

## ၆။ ယနေ့အလုပ် ယနေ့လုပ်

- **သိက္ခာသုံးပါး၊ ကောင်းမှုများ၊ ဦးစားပေးသင့်ပေ။**
- **ဦးစားပေးရန်၊ အလုပ်မှန်၊ အမြန်ပြီးအောင်လုပ်ပါလေ။**
- **အလုပ်နောက်ကျ၊ လုံ့လဖင့်နွေး၊ ချမ်းသာဝေး၊ ပူဆွေးရတတ်ချေ။**
- **ယနေ့အလုပ်၊ ယနေ့လုပ်၊ အဟုတ်စိတ်အေးစေ။**
- **စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားလေ။**

သိက္ခာသုံးပါး ကောင်းမှုများသည် ဦးစားပေးရမည့် ကိုယ်ပိုင်အလုပ်များဖြစ်၏။ ဦးစားပေးရမည့် အလုပ်ကိုလည်း ဦးစားပေး၍သာ လုပ်ရ၏။ ယနေ့

အလုပ်ကိုလည်း ယနေ့ပင် ပြီးအောင် လုပ်ရ၏။ အနာဂတ်ကို ကိုယ်မပိုင်ချေ။ ရောက်ဆဲ ပစ္စုပ္ပန်သည်သာ ကိုယ်ပိုင်အချိန်ဖြစ်၏။ ကိုယ်ပိုင်အချိန်တိုင်း ကိုယ်ပိုင်အလုပ်ကို လုပ်ထားလိုက်မှ စိတ်အေး၍ အမောပြေရ၏။ ဦးစားပေးရမည့်အလုပ်များ နောက်ကျသွားလျှင် အချိန်အားဖြင့် နှောင်းသွားလျှင်၊ လုံ့လဖင့်နွှေးနေလျှင် ခံစားခွင့်ချမ်းသာများ ဝေးကွာလက်လွှတ်သွားတတ်၏။

လုပ်ပိုင်ခွင့်ကို နေရာမှန်အောင် မသုံးမိသဖြင့် ခံစားခွင့်များ ဆုံးရှုံးသွားလျှင် တစ်ဖန်တွေး၍ ပူဆွေးရတတ်လေ၏။ အချိန်ကုန်ရုံ ပူရုံမှတပါး အကျိုးမရှိတော့ချေ။ သို့ဖြစ်၍ လုပ်ပိုင်ခွင့်ရှိသောဘဝကို ရခိုက်, လုပ်ရမည့်အလုပ်ကို နားလည်ခိုက်, အကြောင်းညီခိုက် နောက်မကျရအောင် ယနေ့အလုပ်တိုင်း ယနေ့ပြီးအောင် လုပ်ရပေမည်။ နက်ဖြန်ဆိုလျှင် နက်ဖြန်အလုပ်က လာပေလိမ့်ဦးမည်။

## ၇။ လုပ်သလိုပြော အစဉ်ချော

* လုပ်နိုင်တာသာ၊ ပြောဆိုရာ၊ ညီညာတိကျစေ။
* မလုပ်နိုင်က၊ မပြောရ၊ နှိုင်းဆဆင်ခြင်လေ။
* အပြောသာများ၊ မလုပ်ငြား၊ အများကဲ့ရဲ့ချေ။
* ပြောဆိုပြီးလျှင်၊ ဖြစ်အောင်ပင်၊ မြှင့်တင်ပြု လုပ်လေ။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုး စားလေ။

တကယ်လုပ်နိုင်သည်ကိုသာ ပြောဆိုသင့်၏။ မလုပ်နိုင်သည်ကို မပြောဆိုသင့်ချေ။ အလုပ်နှင့်အပြောညီမှ သူရောကိုယ်ပါ လေးလေးစားစား အားကိုးရမည်ဖြစ်၏။ လုပ်သလိုပြောမှလည်း အစဉ်ချောပေလိမ့်မည်။ အပြောသာများ၍ လက်တွေ့တကယ်မလုပ်နိုင်လျှင်

ပညာရှိများ၏ ကဲ့ရဲ့ပြစ်တင် အထင်သေးမှုကို မလွဲမသွေ ခံရပေမည်။ ကိုယ့်ဟာကိုယ်လည်း ပေါ့တော့တော့ ရှော်ရွတ်ရွတ်ကြီး ဖြစ်နေတတ်၏။ အပြောလွယ်သလောက် အလုပ်ခက်ခဲနေတတ်သဖြင့် တကယ်လုပ်နိုင် မလုပ်နိုင် စဉ်းစားနိုင်းချိန်ပြီးမှသာ ပြောသင့်၏။ ပြောဆိုပြီးလျှင်ကား စိတ်ဓာတ်ကို မြှင့်၍ လုပ်ပိုင်ခွင့်ကို သုံးပြီး တကယ်ပင်ဖြစ်အောင် ကြိုးစားသင့်ပေသည်။

## ၈။ ဆွဲအားနှစ်ခု စိတ်ကိုလု

*** သဒ္ဓါတဏှာ၊ ဤနှစ်ဖြာ၊ လူ့ရွာဆွဲအားတွေ။**
*** တဏှာဆွဲသော်၊ အရှုံးပေါ်၊ လမ်းချော်တတ်ကြပေ။**
*** လုပ်ပိုင်ခွင့်လဲ၊ ရှုံးရမြဲ၊ အဆွဲမတတ်ချေ။**
*** ပစ္စည်းခန္ဓာ၊ ရှာရုံသာ၊ သေရွာမဆုံးချေ။**
*** ပစ္စည်းရှာမူ၊ ဘုံဆိုင်ဟူ၊ ထိုက်သူသုံးကြပေ။**

* ခန္ဓာစုက၊ မြေကျွေးရ၊ ဒုက္ခအပူတိုးပွားစေ။
* ဘောင်ကျော်လွန်က၊ အပယ်ကျ၊ ဒုက္ခပင်လယ်ဝေ။
* သဒ္ဓါဆွဲက၊ စွမ်းအားရ၊ မုချချမ်းသာပေ။
* တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချစိတ်အေးစေ။
* ဆွဲအားနှစ်ခု၊ စိတ်ကိုလု၊ ကောင်းမှုနိုင်ပါစေ။

လူနှင့်တကွ သတ္တလောကတွင် သဒ္ဓါတဏှာ (၂) ပါးသည် စိတ်ကိုလုယက် ဆွဲယူနေကြ၏။ တဏှာဆွဲလျှင် အဝိဇ္ဇာပါလာသဖြင့် လမ်းမမှန်ဘဲ အရှုံးပေါ်ကာ လမ်းချော်တတ်၏။ အဆွဲမတတ်သဖြင့် လုပ်ပိုင်ခွင့်လည်း ရှုံးရတတ်၏။ သေရွာမဆုံးနိုင်သော ပစ္စည်းခန္ဓာတိုးရုံလောက်သာ ရှာပေး၏။ စည်းကမ်းဘောင်ကျော်လွန်သွားအောင် ရှာပြန်က အပယ်ကျ၍ ဒုက္ခပင်လယ်ဝေသွားစေတတ်၏။ တရားမပါဘဲ ရှာထားသမျှပစ္စည်းကား ထိုက်သူသုံးဖို့သာ ဖြစ်၏။ ကိုယ်ပိုင်ဟု

ဧကန်ပြော၍မရချေ။ တရားကင်းကွာ အလိုလိုက်ထား သော ခန္ဓာကား မြေကျွေးဖို့သာဖြစ်၏။ အပူသာ ဆက်၍တိုးလာမည်။ သဒ္ဓါဆွဲမှ တရားစွမ်းအားရမည်။ ကိုယ်ပိုင်ရ၍ စိတ်အေးရမည်။ ဧကန်ချမ်းသာကြောင်း ဖြစ်၏။ ဆွဲအားနှစ်ခုက စိတ်ကို လုနေကြရာတွင် သဒ္ဓါက နိုင်အောင်ဆွဲနိုင်မှ အားကိုးစရာကောင်းမှုကို ရမည်ဖြစ်၏။ ကောင်းမှုနိုင်အောင်လည်း လုပ်ပိုင်ခွင့်ကို မြှင့်ရမည် ဖြစ်ပေသည်။

## ၉။ အငတ်ဘေးကြုံ ပြိတ္တာဘုံ

- ကံအဝယ်မှား၊ အပါယ်သွား၊ ဆွဲအားတဏှာပြစ်။
- အငတ်ဘေးကြုံ၊ ပြိတ္တာဘုံ၊ စုပြုံးဒုက္ခဖြစ်။
- ရေကိုမြင်ရ၊ ကြားရသော်လဲ၊ ငတ်နေမြဲ၊ ဆင်း ရဲနွံမှာနစ်။

**✱ အများတကာ၊ သနားပါ၊ ကူလာသော်လဲ ကံကညစ်။**

**✱ အခွင့်ဆုံးရှုံး၊ အညွန့်တုံး၊ အသုံးဝင်အောင် ညာဏ်ဖွင့်လှစ်။**

စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်ဟူသည် ဘဝအခြေအနေကလည်းပေးမှ လုပ်ပိုင်ခွင့်ကိုလည်း နားလည်ထားမှ ရရှိနိုင်သော အရာမျိုးဖြစ်၏။ အခြေအနေကပင် မပေးပါက ဘာမျှမတတ်နိုင်ချေ။ တဏှာဆွဲအား အသာရသွားသူ တစ်ဦးသည် ကံတုကံလိမ်ကို အဝယ်များသဖြင့် အပါယ်သွားရရှာ၏။ အငတ်ဘေးစုံသော ပြိတ္တာဘုံ၌ ဖြစ်ရရှာ၏။ ငတ်လိုက်ဘိ ဖြစ်ခြင်း၊ ဘာဆို ဘာမှ မစားရ မသောက်ရ၊ ရေဆာလောင်လွန်းလှသဖြင့် တစ်ယူဇနာကျယ်သော ဂင်္ဂါမြစ်ကြီးထဲဆင်းပြေးလာ၏။ အဝေးမှ ရေသံကြား၍ ရေကို လှမ်းမြင်ရစေကာမူ အနီးသို့ ကပ်လိုက်လျှင်

ရေများပျောက်သွား၏။ မီးခိုးသာ ထလာ၏။ ခြစ်ခြစ်တောက် ပူလောင်သော ကျောက်ပြင်ပေါ် လမ်းလျှောက်ရသလိုဖြစ်သွား၏။ ရေရှိပါလျက် အကုသိုလ်ကံကြောင့် မသောက်ရချေ။ တစ်နေ့လုံး တစ်ညလုံးပြေးပါသော်လည်း ရေမတွေ့၊ နံနက်လင်းသောအခါဆွမ်းခံကြွလာသော ရဟန်တော် အပါး (၃၀) နှင့်တွေ့၍ သနားလွန်းလှသဖြင့် သဲပြင်ပေါ် အအိပ်ခိုင်းပြီးသပိတ်အလုံး (၃၀)ဖြင့် ပါးစပ်ထဲသို့ ရေလောင်းထည့်ကြသော်လည်း လည်ချောင်းထဲသို့ ရေတစ်ပေါက်မျှ မရောက်ချေ။ လုပ်ပိုင်ခွင့်၊ ခံစားခွင့် ရှုံးနေခိုက်အခြေအနေမပေးခိုက် မည်သူကူညီ၍မျှ အရာ မရောက်ချေ။ထိုအဖြစ်ကို ဉာဏ်ဖွင့်လှစ်ကြည့်ပြီး မိမိ အခွင့် လက်မလွတ်မိ သုံးမိဖို့ အရေးကြီးပေသည်။

## ၁၀။ လမ်းဖွင့်တတ်သူ ဒေါ်သာလူ

* သိက္ခာ(၃)ပါး၊ မြတ်တရား၊ ယောကျ်ားမိန်းမ မခွဲပါ။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ထား တဲ့ သာသနာ။
* ကြိုးစားလုပ်လျှင်၊ စွမ်းအားထင်၊ မျက်မြင် ကိုယ်တွေ့ပါ။
* ယောကျ်ားဖြစ်ရုံ၊ အားမစုံငြား၊ မကြိုးစားက စွမ်းအားကျ၊ ဘာမှမရပါ။
* မိန်းမသော်လဲ၊ အားကုန်ခဲ၍၊ စိတ်ဇွဲထက်သန် ကြိုးစားပြန်၊ ဧကန်ထူးခြားလာ။
* စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုး စားရာ။
* လမ်းဖွင့်တတ်သူ၊ ဒေါ်သာလူ၊ အပူကင်းရပါ။

သိက္ခာ(၃)ပါးနှင့် တရားအလုပ်ဝယ် ယောက်ျား မိန်းမဟူ ခွဲခြားခြင်းမရှိချေ။ မည်သူမဆို စိတ်ဓာတ်ကို မြှင့်လျှင် လုပ်ပိုင်ခွင့်အတွက် အမြဲလမ်းဖွင့်ထားသော သာသနာတော်ဖြစ်၏။ တကယ်ကြိုးစား၍ တကယ် စွမ်းအားထင်ရှားသူတွေ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်၏။ ကာယဗလပြည့်ဝသော ယောက်ျားပင်ဖြစ်သော်လည်း သဒ္ဓါဝီရိယစသော စိတ်စွမ်းအားမစုံ၍ မကြိုးစားဖြစ်လျှင် စွမ်းအားကျဆင်း၍ ဘာမှမရဘဲ တစ်ဘဝလုံး ဗလာဖြစ်သွားတတ်၏။ မိန်းမသားပင်ဖြစ်စေကာမူ စိတ်ထားမြှင့်၍ ဇွဲသန်သန် ကြိုးစားလျှင် ဧကန်ထူးခြားလာရမြဲတည်း။ လုပ်ပိုင်ခွင့်နှင့် ထိုက်တန်သော ခံစားခွင့်ဆုလာဘ်ကို အံ့ဩဖွယ် ရရှိမြဲဖြစ်၏။

တရားဗဟုသုတ ကြွယ်ဝသော ဒေါ်သာလူ ဟူသော အဖွားတစ်ဦးရှိ၏။ ဒုက္ခတွေ့လျှင် ကောင်းမှုကို ပိုကြိုးစားတတ်၏။ အလွန်ပူအိုက်လှသည့် နွေရာသီရောက်

လျှင် "လူ့ပြည်၌ နေစတ်စင်းထွက်ရုံမျှပင် ဤမျှလောက် ပူလျှင် ငရဲ၌ကား ဤအပူထက် အဆပေါင်း သိန်းသန်းကုဋေမက ပူပေလိမ့်မည်။ ငရဲပူထဲ၌ လုပ်ပိုင်ခွင့်လည်း လုံးဝမရှိ၊ ခံစားခွင့်လည်း ဗလာနတ္ထိ၊ လူ့ပြည်၌ ပူအိုက်သော်လည်း လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်မရှုံး၊ ငရဲသို့ မရောက်ဖို့ ငါအရေးကြီး၏။ ဒုက္ခလွတ်ဖို့ ငါ အရေးကြီး၏"ဟု စိတ်ကိုမြှင့်ကာ ဒါနကို ပိုလုပ်၏။ သီလကို တိုးမြှင့်ပေး၏။ ဘုရားအတွက် ရေခဏခဏ လှူ၏။ ခါတိုင်းထက် ဘုရားပိုရှိခိုး၏။ မေတ္တာပိုပွား၏။ အပူဒဏ်ကြောင့် ဖောက်ပြန်သည့် ရုပ်သဘောကို ဉာဏ်ဖြင့်ရှု၏။ ဝိပဿနာပိုပွား၏။ ကုသိုလ်ပိုလုပ်၏။ စိတ်ဓာတ်ကိုမြှင့် လမ်းဖွင့်ကာ ကြိုးစားအားထုတ်ပြီးတိုင်း ကိုယ်က အောင်ပွဲခံနိုင်သဖြင့် ဒေါ်သာလူ ပျော်ရွှင်အားတတ်ရမြဲတည်း၊ အေးသည့်အခါ၊ ဆာသည့်အခါ၊ နာသည့်အခါ၌လည်း နည်းတူပင် ပိုကြိုးစားတတ်သည်။

## ၁၁။ ကိုယ့်ကိုကိုယ်ယုံ မလေးလုံ

* မလိုအပ်ငြား၊ ကံပိုများ၊ ဖယ်ရှားပေးရပါ။
* လိုအပ်သည့်ကံ၊ သန့်စင်ရန်၊ ဇောက်ဆေးကြောပါ။
* ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊ ပြီးမြောက်တတ်စေပါ။
* ဉာဖြင့်ထိန်းသိမ်း၊ အပူငြိမ်း၊ ကံထိန်းခလုတ်ပါ။
* ပညာမရှိ၊ သတိလွတ်က၊ ဘဝပင်လယ်၊ ခရီးသယ်၊ တကယ်ကြောက်စရာ။
* ကိုယ့်ကိုကိုယ်ယုံ၊ မလေးလုံ၊ အစုံကောင်းကျိုးဖြာ။
* လုပ်ပိုင်ခွင့်များ၊ သုံးတတ်ငြား၊ ယောကျ်ားဖြစ်ရပါ။

လုပ်ပိုင်ခွင့်ကိုသုံး၍ ကောင်းမှုပြုသည့်အခါ ကံထိန်းခလုတ် အသိဉာဏ်တပ်ဆင်တတ်ဖို့ အထူးအရေးကြီး၏။ ကံထိန်းခလုတ် တပ်ဆင်ခြင်းဟူသည်

(၁) မလိုအပ်သော ကံပိုကဲမဲ (အကုသိုလ်ကံ) များကို ဖယ်ရှားပေးခြင်း။

(၂) လိုအပ်သော ကုသိုလ်ကံကို သန့်စင်အောင် ဆေးကြောပေးခြင်း။

(၃) နိဗ္ဗာန် ပန်းတိုင်အရောက် လမ်းကိုဖောက်ကာ ပါရမီအစစ်ဖြစ်အောင် မြှင့်တင်ပေးခြင်းပေတည်း။ ကံထိန်းခလုတ် အသိဉာဏ်ရှိမှ အပူငြိမ်းအေးစွာ လိုရာကို အရယူနိုင်မည်။ ပညာလည်းမရှိ သတိလည်းလွတ်လျှင် ဘဝပင်လယ်၌ ခရီးသည်အဖြစ်သည် ကြောက်စရာ အလွန်ကောင်း၏။ ပန်းတိုင် ဦးတည်ချက် လည်းမရှိ၊ လမ်းကြောင်းလည်းမရှိ၊ လုပ်ငန်း မှုလည်းမရှိလျှင် ကံပစ်ချရာ အထိန်းမရှိ မျောရမည်သာတည်း။

ဘုရားလက်ထက်တော်က၊ ကပိလဝတ်မြို့၌ သရဏဂုံ သီလလုံခြုံလှ၍ ကောင်းမှုတရား၌ မွေ့လျော်လှသည့် ဂေါပိကာ (မလေးလုံ) အမည်ရသော အမျိုးသမီး (သာကီဝင်မင်းသမီး) တစ်ဦးရှိ၏။ ကံထိန်းခလုတ် ပန်းတိုင်ထား၍ ယောကျ်ားဆုကိုလည်း တောင်း၏။ ရဟန်းတော် (၃)ပါးကို အိမ်၌ပင့်ဖိတ်၍ နေ့စဉ်ဆွမ်းလောင်းလှူ၏။ ရဟန်းတော် (၃)ပါးသည် သီလလည်းပြည့်စုံ၍ ဈာန်ရအောင်လည်း တရားအားထုတ်ကြ၏။ သို့သော် ကံထိန်းခလုတ် မည်မည်ရရ မရှိချေ။ သက်တမ်းစေ့၍ မလေးလုံ ကွယ်လွန်လျှင် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သားရုပ်လှ၍ ဉာဏ်ကြီးသော ကိုဖိုးလုံ (ဂေါပက) နတ်သားဖြစ်ရ၏။ အစစအရာရာ ပြည့်စုံ၏။ ရဟန်းတော် (၃) ပါးမှာ ကံထိန်းခလုတ်မပါသဖြင့် ကွန်လွန်ကာနီးတွင် ဘဝများစွာဖြစ်ခဲ့ရသော စာတုမဟာရာဇ်နတ်

ပြည်၌ စိတ်ညွတ်သွားသဖြင့် ဈာန်လျှောကာ အညံ့စား "သဘင်သည်" နတ်သားများဖြစ်ကြရ၏။ ဆွမ်းအစ်မနှင့် ရဟန်းတော် (၃)ပါး အထက်အောက် ပြောင်းပြန်ဖြစ်သွား၏။ တစ်ချိန်တွင် ရဟန်းတော် (၃)ပါးဘဝမှ ရောက်လာသော နတ်သား (၃)ဦးတို့ ကပြဖျော်ဖြေရမည့် အလှည့်ရောက်ချိန်၌ ဂေါပက (ကိုဖိုးလုံ) နတ်သားလည်း ပွဲကြည့်ပရိသတ်၌ ပါလာ၏။ နတ်သား (၃)ဦးတို့ ကပြနေကြသော်လည်း ကန္တေ့သိက္ခာ ပြည့်စုံမှု ရုပ်ဆင်းအင်္ဂါ ထူးခြားမှုတို့ကို ကိုဖိုးလုံနတ်သားက စဉ်းစား ဆင်ခြင်မိသဖြင့် မိမိဆွမ်းလောင်းလှူခဲ့သော ရဟန်းဘဝမှ ရောက်လာမှန်း သိသွား၏။ ချက်ချင်း အက အရပ်ခိုင်းကာ လေးနက်စွာသတိပေး၍ တရားကို အမြန်အားထုတ်ခိုင်း တော့ရာ နတ်သား (၂)ဦးမှာ မကြာမီ ဈာန်ပြန်ရပြီး ဝိပဿနာကို ဆက်အားထုတ်ရာ အနာဂါမ်ထိ ဖြစ်

သွားကြ၏။ စုတေကာ ပြဟ္မာ့ပြည်သို့ တက်သွားကြလေသည်။ ကျန်နတ်သား (၁)ဦးကား မည်သို့မျှ ပြော၍မရချေ။ လက်ရှိဘဝ၌ တပ်မက်စွဲငြိကာ မလွတ်မြောက်ဘဲ ကျန်ရစ်လေတော့၏။ ဆွမ်းအစ်မ မလေးလုံကား နတ်ပြည်ရောက်သည်ထိ သာသနာပြုဖော်ရပါပေ၏။ ချီးကျူးဖွယ် ကောင်းလှပါပေစွ။

သို့ဖြစ်၍ စိတ်ဓာတ်ကိုမြှင့်၍ လုပ်ပိုင်ခွင့်ကို တကယ်ထိရောက်အောင် အသုံးချတတ်ဖို့ အရေးသည် မိမိတို့အတွက် အရေးအကြီးဆုံး ဖြစ်လေတော့သတည်း။

# "တိပိဋကဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၏ တိပိဋကဓနစာမေးပွဲအောင်မြင်ရန် ကြိုးစားအားထုတ်ပုံ"

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒါယကာကြီးဦးအုံ့မောင်က တိပိဋကလောင်းလျာများ အားတက်ရ, နည်းယူရအောင် တိပိဋက အတွေ့အကြုံကို (တိပိဋက ရွှေရတုအထိမ်းအမှတ်အဖြစ်) ရေးပေးပါရန် လျှောက်ထားလာပါသည်။ (လောက၌တစ်နေရာမှ တစ်နေရာသို့ ခရီးသွားရာတွင် ရောက်လိုဇောဖြင့် သွားသူတစ်ယောက်သည် ဆန္ဒအတိုင်း လိုရာအရပ်သို့ ရောက်နိုင်သော်လည်း "လမ်းမှာဘာတွေ တွေ့ခဲ့သလဲ" ဟုမေးလျှင် အကုန်ပြောပြဖို့ မလွယ်သကဲ့သို့ တိပိဋက လမ်းကြောင်း အတွေ့အကြုံကို အကုန်ရေးပြရန်မှာ မလွယ်ကူပေ။ သို့သော် ထင်ရှားရာလောက်ကိုတော့ ရေးပြပါမည်။)

## "နှလုံးသားဝယ် ဘုရားတည်"

* **တရားစကား၊ မြတ်ဘုရား၊ ကိုယ်စားပြုလေပါ။**
* **တရားတစ်စု၊ ဘုရားဟု၊ မှတ်ရှုပျော်စရာ။**
* **အာဂုံဆောင်ထား၊ ကျက်မှတ်ငြား၊ ဘုရားတည်သူပါ။**
* **နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်း၍ အေးချမ်းပါ။**
* **ကံထူးဉာဏ်ထူး၊ လုံ့လထူး၊ အထူးပုဂ္ဂိုလ်ပါ။**

ဘုရားဟော တရားစကားများသည် ဘုရားကို ကိုယ်စားပြုသည်ဖြစ်၍ တရားတစ်စုလျှင် ဘုရားတစ်ဆူဟု သဒ္ဒါ, ပညာဖြင့်ကြည့်ရှုတတ်ပါက တိပိဋက အလုပ်သည် ပျော်ရွှင်အားတက်စရာကောင်းလှသည်။ ဘုရားစကားတော်များကို အာဂုံဆောင်ကျက်မှတ်နေလျှင် နှစ်လုံးသားဘုရားတည်နေသူဖြစ်သည်၊ ဘုရား

တည်တတ်သူသည် ရတနာအရှိန်အဝါကြောင့် စွမ်းအား ပြည့်ဝ၍ ထည်ဝါခန့်ငြား ကျက်သရေရှိလှပေသည်။

တိပိဋကလောင်းလျာများသည် (၁) တိပိဋကလမ်းကြောင်းပေါ် ရောက်လာနိုင်လောက်အောင် ပါရမီကံအထိုက်အလျောက်ရှိထားရမည်၊ (၂) ပိဋကသုံးပုံအတွင် ကျက်စားနိုင်လောက်သော ကံအရင်းခံသည့် ဉာဏ်လည်းရှိရမည်၊ (၃) ပိဋကသုံးပုံကို အကန့်လိုက်ရုန်းကန်အားထုတ် သယ်ဆောင်နိုင်သော ဝီရိယအစွမ်းလည်း ရှိရမည်။

## “နည်းလမ်းလေးသွယ် ပညာကြွယ်”

- **ပြဋ္ဌာန်းကျမ်းစုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။**
- **အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။**
- **ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာဇွဲရှိရ။**

**✱ အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအားလွန်တက်ကြွ။**

**✱ နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခန့်ထည်စွမ်းပြည့်ဝ။**

တိပိဋကလောင်းလျာသည် (၁) အပိုင်းလိုက်ဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို အချိန်မှီ ကြိုးစားနိုင်ရန် လုံလောက်သောအချိန်ရရှိရေးအတွက် အချိန်ကိုကြိုတင်ခွဲဝေထားရမည်။ (၂) ရှေ့အသိနှင့် နောက်အသိ ဆက်စပ်မိအောင် ရှေ့အသိက နောက်အသိအား ကျေးဇူးပြုနေအောင် အဆက်မပြတ် မနေများ ကြိုးစားနိုင်ရမည်။ (၃) ကန့်သတ်ချိန် (ပန်းဝင်ချိန်) မရောက်မချင်း ရှည်လျားသော ပိဋကခရီးကို ဇွဲရှိရှိကြိုးစားနိုင်သော သတ္တိရှိရမည်။ (၄) ပိဋကသုံးပုံအတွင်း စိတ်ကိုနှစ်မြှုပ်၍ (အချိန်ပင် ကုန်မှန်းမသိရလောက်အောင်) လုပ်ငန်းအပေါ် စိတ်ပါဝင်စား လေးစားမှုရှိရမည်။

## "ပညာအရောင် ထွန်းလင်းပြောင်"

- ✱ အပ္ပမာဒ၊ မြတ်ဓမ္မ၊ ပင်မခလုတ်မည်။
- ✱ ခေတ်ကြိုးပမ်း၊ ဆက်သွယ်ကာ၊ သဒ္ဓါကောင်းရသည်။
- ✱ ဝီရိယမှာ၊ ခလုတ်သာ၊ ကောင်းစွာနှိပ်ရသည်။
- ✱ ပညာအရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်လူ့စွမ်းရည်။

ပင်မခလုတ်ကိုဖွင့်၍ ခေတ်ကြိုးဆက်သွယ်ကာ အနီးရှိမီးခလုတ်ကို နှိပ်မှမီးရောင်လင်းနိုင်သကဲ့သို့ (၁) စာပေကို စွဲမြဲစွာ ကျက်မှတ်နိုင်သော သတိ၊ ကျက်ပြီးစာများကို မမေ့ပျောက်အောင် ထိန်းသိမ်းထားနိုင်သော သတိ-ဟူသောပင်မခလုတ် အားကောင်းအောင် လေ့ကျင့်ရမည်။ (၂) တရားနှင့်ထိုက်တန်သော မိမိစွမ်းရည်၊ မိမိနှင့်ထိုက်တန်သော တရားစွမ်းရည်ကို

ယုံကြည်မှုဟူသော ခွတ်ကြိုးပမာ ဆက်သွယ်မှု အား ကောင်းရမည်။ (၃) သတိအထိန်းဖြင့် အဆက်မပြတ် မှန်ကန်စွာ အားထုတ်မှုဟူသော ဝီရိယခလုတ်ကို နှိပ်ပေးနိုင်ရမည်။ (၄) သတိနှင့်တွဲသော ဝီရိယသည် သမာဓိကို ဖြစ်စေနိုင်သည်ဖြစ်၍ သမာဓိက ပညာအား ကျေးဇူးပြုရသည်ဖြစ်ရကား ပညာမီးရောင်လင်းလာ မည် ဧကန်ဖြစ်သည်။

မိမိသည် အသက် (၁၈)နှစ် အရွယ်ရောက်မှ ပရိယတ္တိပညာကို စတင်သင်ကြားခဲ့ရသည်။ ငယ်စဉ် အခါကစ၍ အသက် (၂၆)နှစ်အရွယ်အထိ တိပိဋကလုပ်ငန်းသည် ကိုယ်နှင့်ဆိုင်သည်ဟုမတွက်ခဲ့။ တိပိဋက လမ်းကြောင်းပေါ်သို့ စိတ်ကူးမျှပင် မရောက်ခဲ့ ကိုယ့်အရာမဟုတ်ဟု တွက်ဆခဲ့သည်။ သို့သော် ဓမ္မာစရိယ စာမေးပွဲနှင့် သကျသီဟ, စေတိယင်္ဂဏ- စာမေးပွဲများ ဖြေဆိုခဲ့စဉ် ကံကောင်းတိုက်ဆိုင်မှုများ

အထိုက်အလျောက် ကြုံကြိုက်လာသဖြင့် အတိတ်ကံ ကောင်း/မကောင်း သိလိုလျှင် ပစ္စုပ္ပန် ဉာဏ်, ဝီရိယ ဖြင့် တူးဆွစမ်းသပ်ပေးရမည်ဟု အသိပေါ်လာသည်။ တိပိဋကလမ်းကြောင်းပေါ်သို့ တက်ရောက်စမ်းသပ်လို စိတ်ဖြစ်လာခဲ့သည်။

စတုတ္ထတိပိဋကဆရာတော် အရှင်သုမင်္ဂလာ လက်ာရသည် သက်တော် (၂၇)နှစ်အရွယ်၌ တိပိဋက ဘွဲ့ရခဲ့သည်။ မိမိမှာကား အသက် (၂၇)နှစ်အရွယ် ရောက်မှ တိပိဋကလုပ်လိုစိတ်ပေါ်ခဲ့သည်။ တိပိဋက အလုပ်ကို စတင်ခဲ့သည်။ မအောင်တော့လည်း ဘုရား စကားတော်များကို နှုတ်ထဲ နှလုံးသားထဲ ထည့်သွင်း ခွင့်ရခြင်းသည်ပင် အမြတ်ဟု သဘောထားကာ ဝိနည်း ပါဠိတော်ကို စ၍ကျက်မှတ်ခဲ့သည်။

မိမိသည် ဝိနည်းပါဠိတော်ကို စတက်ကျက်မှတ် ချိန်၌ စိတ်ဆန္ဒရှိ၍ ကျက်စမ်းကြည့်နေသော်လည်း သကျသီဟစာချတန်းနှင့် စေတိယင်္ဂဏစာချတန်း

စာမေးပွဲ ဖြေဆိုဆဲတန်းလန်းသာဖြစ်နေသည်။ မပြီး ပြတ်သေးပါ။ နောက်တစ်ခုက စာသင်သားများအား နေ့စဉ်စာနှစ်ဝါပို့ချမှု လုပ်ငန်းက အမြဲရှိနေပါသည်။ ဟောပြောရေးတာဝန်ကလည်း မကင်းနိုင်ပါ။ တိပိဋကလမ်းကြောင်းပေါ် တက်လာသော်လည်း အာရုံတစ်ခု တည်းဖြင့် တည်ငြိမ်စူးစိုက်စွာ ကြိုးစားခွင့်ရနေခြင်း မဟုတ်ပါ။

ကျက်မှတ်လိုသော ပါဠိတော်မှ အဖြတ်ကောင်း ရာ ဝါကျတစ်ခုစီ ပိုင်းလိုက်သည်။ မြန်မာလို အဓိပ္ပါယ် နားလည်အောင်ဖတ်သည်။ နိသျမြန်မာပြန်စာအုပ် များနှင့် တိုက်ဆိုင်ကြည့်သည်။ မြန်မာလိုနားလည်ပြီး နောက် ပါဠိတော်ဝါကျအစုံလိုက် စိတ်ထဲ၌စွဲလာ အောင် (၅)ခေါက်လောက် မျက်စိဖွင့်ကြည့်သည်။ စာရွက်ထဲမှ စာကြောင်းများကို စိတ်ဖလင်ကော်ပြား ထဲသို့ ရောက်အောင် သတိ, ဝီရိယ, ဉာဏ်ဖြင့် ကူး ယူသည်။

မိမိသည် စာကျက်သောအခါ အသံထွက်၍ ကျက်လေ့မရှိပါ။ ငယ်စဉ်အခါကစ၍ စာကို အသံတိတ်သာ ကျက်လေ့ရှိသည်။ အသံမထွက်သဖြင့် မိမိစာကျက်သည်ကို အများကမသိကြပါ။ အများအတွက်လည်း အနှောင့်အယှက် မဖြစ်ပါ။ အသံထွက်ကျက်သကဲ့သို့ ပင်ပန်းခြင်းလည်းမရှိပါ။ လေနာခြင်း-စသော ကျန်းမာရေး အနှောက်အယှက်လည်း မဖြစ်ခဲ့ပါ။ (၅)ခေါက်လောက် မျက်စိဖွင့်ဖတ်ပြီးနောက် နောက်ထပ် (၅) ခေါက်လောက် မျက်စိစုံမှိတ်ပြီး စိတ်ထဲ၌နှလုံးသွင်းသည်။ စာကသိုဏ်းရှုခြင်းပင်ဖြစ်သည်။ စာလုံးများကို စိတ်ထဲ၌ သတိဖြင့်စီတန်း သိုမှီး ထားလိုက်ခြင်းဖြစ်သည်။ ဘုရားစကားတော်များကို နှလုံးသားမှာ ထည့်သွင်းထားခြင်းဖြစ်၍ နှလုံးသား၌ ဘုရားတည်ပေးခြင်းလည်းဖြစ်သည်။

“ငါ့နှလုံးသားထဲ ဘုရားကြွရောက် သီတင်းသုံးနေပြီ” ဟုစာကြောင်းများ နှလုံးသားထဲ ကပ်ထားမိတိုင်း

သဒ္ဓါပီတိဖြင့် ကြည်နူးမှုများ တစ်ဖွားဖွားဖြစ်ရသည်။ ထို့ကြောင့်လည်း မိမိစိတ်ထဲ၌ ပင်ပန်းမှုများ မဖြစ်ခဲ့ရပဲ ဝမ်းသာရွှင်လန်း အေးချမ်းမှုများသာ ဖြစ်ခဲ့ရသည်။ ဝါကျတစ်ခုပြီးသွားလျှင် နောက်တစ်ခုသို့ ဆက်၍ ဤနည်းအတိုင်းပင်ကျက်သည်။ နောက်တစ်စုပြီးတိုင်း ရှေ့ပြီးခဲ့သည့် တစ်စုနှင့် ပြန်ပေါင်း၍စိတ်ထဲ၌ စီကုံးထားသည်။ တစ်မျက်နှာလောက်ပြီးသွားပြန်တော့လည်း ထို တစ်မျက်နှာလုံး ပြန်ပေါင်း၍ အသိစိတ်မှာ ကပ်၍ တပ်ထားသည်။

ဝါကျအနေအထား သိပ်သည်း၍ အဓိပ္ပါယ်ခက်ခဲသောနေရာတို့၌ သတိ, ဝီရိယအင်အားကို နှစ်ဆ, သုံးဆလောက် မြှင့်တင်ကြိုးစားပေးရပါသည်။ ဂါထာများဆိုလျှင် ပုံမှန်ထက်ဆယ်ဆလောက် မြှင့်တင်အားထုတ်ရသည်။ ဂါထာများကို ကျက်မှတ်ရာ၌ မိမိသည် စိတ်ဖြင့်သာ ကျက်မှတ်သည်ဖြစ်၍ စုဏ္ဏိယပါဠိများလောက် စိတ်ထဲတွင် ထည့်သွင်းသီကုံး၍ ရုတ်တရက်မလွယ်

ကူတတ်ပါ။ မိမိတွင် စာမျက်နှာ ပုံသေသတ်မှတ်ချက် မရှိပါ။ စာအသွားအလာလွယ်လျှင် လွယ်သလို အကုန်များ၍ ခက်လျှင်ခက်သလို အကုန်နည်းပါးသည်။ ပျမ်းမျှ ၁၀-မျက်နှာမှ ၁၅-မျက်နှာလောက် ကုန်ပါလိမ့်မည်။ အာဂုံမကျက်ရဘဲ သဘောဖြင့်သာ မှတ်သားရသော ပဌာန်းပါဠိတော်မျိုး၌ ၂၀-၃၀ လောက်ကုန်တတ်သည်လည်းရှိတတ်ပါသည်။ ဂါထာများကို သီးခြားအချိန်ပေး၍ သီးခြားကျက်ပေးရပါသည်။

သရုပ်များသောနေရာ စကားလုံးဝေါဟာရ များသောနေရာတို့၌ စာအုပ်အတွင်းရှိ စာမျက်နှာဘေးနားမှာ ခဲတံဖြင့် သင်္ကေတသင်္ချာလေးများ ရေးမှတ်ထားပြီးကျက်သောအခါ ပြန်သောအခါတို့၌ အရေအတွက် မမှားအောင် လက်တစ်ချောင်းခြင်းချိုး၍ သတိဉာဏ်ကို အသုံးပြုရပါသည်။ ပါဠိတော်များသည်

စကားအသုံးအနှုန်း ပြေပြစ်ညက်ညော၍ စကားလုံး အထား အသိုပုံသေနည်းစနစ်မှန်သောကြောင့် အဋ္ဌကထာ ဋီကာများကဲ့သို့ ခက်ခဲစွာကျက်ရသည်မဟုတ်ပါ။ အချို့သောနေရာ၌ အကြောင်းအရာခေါင်းစဉ် စကားလုံးလေးများကို မှတ်သားထားပြီး စိတ်ထဲတွင် ပါဠိစီကုံးဆို၍ပင် ရနိုင်ပါသည်။

ကံ, ကတ္တား၊ ဝုတ္တ, အဝုတ္တ၊ ဝါစ္စ, ဝါစက၊ လိင်, ဝုစ်-စသည်မှန်ကန်အောင် ပါဠိတော်များကို မှတ်သားတတ်ဖို့ အထူးလိုအပ်သဖြင့် အနည်းဆုံး ဓမ္မာစရိယတန်း (စာချတန်း) ဆိုင်ရာစာပေလေ့လာပြီးသူများ၊ ဖြစ်နိုင်လျှင် ဓမ္မာစရိယဘွဲ့ တစ်ခုခုရပြီးသူများသာ တိပိဋကကို ကျက်မှတ်ဖို့ အသင့်လျော်ဆုံးဖြစ်ပါသည်။ စာသွား စာလာ စည်းကမ်းစနစ်ကို နားမလည်ဘဲ အကုန်လုံး တွေ့သမျှ အာပူတိုက်အော်နေရလျှင် မလိုအပ်ဘဲ ပင်ပန်းပြီး အချိန်ကုန်သလောက် ခရီးမရောက်ဖြစ်နေတတ်ပါသည်။ သဒ္ဒါမြင်၍ စာပေစည်းကမ်းကို

အလိုက်အလျောက်နားလည်မှ စာကျက်သက်သာ၍ ဉာဏ်သတိဖြင့် မပျောက်အောင် ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

ဝိနည်း, သုတ္တန်အားလုံးကို ဤဆိုအပ်ပြီးနည်းစနစ်ကို အများဆုံးသုံး၍ ကျက်မှတ်ပါသည်။ အဘိဓမ္မာ၌ ဓမ္မသင်္ဂဏီ, ဝိဘင်း, ပုဂ္ဂလပညတ်, ကထာဝတ္ထုတို့ကို ဝိနည်းသုတ္တန် ကျက်မှတ်သော ပုံစံနည်းစနစ်အတိုင်း ကျက်မှတ်ရသည့်အပြင် အဘိဓမ္မာသင်္ဂြိုလ်သရုပ်လည်း ကျေပြွန်ကွဲပြားဖို့ လိုအပ်ပါသည်။ ဓာတုကထာ ယမိုက်တို့ကိုကား ညဝါများဖြစ်၍ ငယ်, လတ်, ကြီးတုန်းက ဖြတ်သန်းကျက်စားခဲ့ရသည့် ညဝါနည်းလမ်းအတိုင်းပင် နည်းမှီးကျက်ရပါသည်။ အချို့သောနေရာ၌ သရုပ်သဘောကို စဉ်းစားကျက်၍ အချို့သောနေရာ၌ကား အမှတ်သင်္ကေတ နည်းစနစ်ဖြင့်ပင် ကျက်ရပါသည်။

ပဌာန်းပင်လယ်ကို ကူးခတ်ရာ၌ အဓိကအားဖြင့် ပထမကြီးတန်းတုန်းက လေ့လာခဲ့ရသော ကုသလတိက်ကို အထူးကျေပြွန်ဖို့ လိုအပ်ပါသည်။ ကြွင်းကျန်သော တိက်, ဒုက်များ၌ကား မာတိကာအရကောက်ကို အထူးကျေပြွန်အောင် လေ့လာ၍ ဝိဘင်္ဂဝါရပါဠိများကို အများအားဖြင့် ကုသလတိက်ကို နည်းမှီး၍ ဖြုတ်သင့်, ခွဲသင့်သည်တို့ကို ဉာဏ်ဖြင့်ချင့်ချိန်ပြီး ပါဠိကို စီကုံးကျက်မှတ်ရပါသည်။ ပဌာန်းသင်္ချာဝါရကိုကား သဘောဉာဏ်ကိုသုံး၍ တွက်ချက်ပြီး ကျက်မှတ်ရသည်လည်းရှိသည်။ သညာမှတ် သင်္ကေတနည်းဖြင့် မှတ်သားထားရမှုသည်လည်း အမြောက်အများပါဝင်သည်။ မာတိကာအရကောက် ကျေပြွန်နေဖို့ကတော့ အရေးကြီးဆုံးဖြစ်သည်။

မိမိသည် ကျက်မှတ်ထားပြီးသည့် ပါဠိတော်များကို မမေ့ပျောက်အောင် ထိန်းသိမ်းထားရာတွင် ကိုယ်ဟာ

ကိုယ် ပြန်ဆိုရာ၌ အသံမထွက်ပဲ အသံတိတ်သာ ပြန်ဆိုလေ့ရှိပါသည်။ တကယ့်ပွဲကြီး၌ ပြန်ဆိုနိုင်ရန် လေ့ကျင့်ရာ၌ကား စာထောက်စာမ တစ်ပါးစီအနားမှာ ထား၍ စာအုပ်ကို အကြည့်ခိုင်းပြီး ပြန်ဆိုပါသည်။ ပုံမှန်စာများကို တစ်ပိုင်း၊ ခက်ခဲသော စာနှင့် ဂါထာများကို တစ်ပိုင်းအားဖြင့် နှစ်ပိုင်းခွဲပြီး ပြန်ဆိုပါသည်။ နေ့စဉ်စာအုပ်တိုင်း ညဏ်တို့ဖြန့်ထားပြီး စာအုပ်တိုင်း အချိုးကျပိုင်း၍ ပြန်ဆိုပါသည်။

အဋ္ဌကထာ ဋီကာများကို လေ့လာမှတ်သားရာ၌ အဖွင့်ခံပါဠိကို ကျက်မှတ်မှ စာမြင်ပြီး စွဲမြဲပါသည်။ အဋ္ဌကထာ ဋီကာများကို မှတ်စုထုတ်နှုတ်၍ ကျက်မှတ်လေ့မရှိပါ။ အစ, အဆုံးအကုန်ဖတ်၍ အကြောင်းပြ၊ သရုပ်ပြ၊ အဆုံးအဖြတ်စသော အထူးမှတ်သားဖွယ် အကြောင်းအရာများကို ခဲနီဖြင့် မှတ်သားထားပြီး

သာမန်ရိုးရိုးစာများထက် အခေါက်များစွာ ဖတ်ပါသည်။ အချို့စာများကို ပါဠိတော်ကျက်မှတ်သည့် ပုံစံအတိုင်းပင် ကျက်မှတ်ထားပါသည်။

မိမိသည် သတိ, သမာဓိကို အများဆုံးသုံးကာ ဉာဏ်ကိုထုတ်လုပ်ပြီး ကြိုးစားသည်ဖြစ်၍ စာပြန်ရာ၌လည်း မည်သူ့ကိုမျှ ကြောက်ရွံ့လေ့မရှိပါ။ ရေးဖြေရာ၌လည်း ကိုယ်သိတာ ကိုယ်ရေးရခြင်းဖြစ်၍ မကြောက်တတ်ပါ။ စာတစ်ကြိမ်ပြန်ပြီးတိုင်း စာတစ်ပုဒ်ဖြေပြီးတိုင်း အလွန်မွန်မြတ်သည့် ဘုရားစကားတော်များကို စိတ်ထဲ, နှလုံးသားထဲမှာ သိုမှီးထားပြီးမှ ထုတ်နှုတ်သုံးရခြင်းဖြစ်၍ သဒ္ဓါပီတိဖြင့် အလွန်ပျော်မွေ့လေ့ရှိပါသည်။ မိမိသည် တိပိဋကရွေးချယ်ပွဲ၌ အာဂုံရော ရေးဖြေပါ ကျရှုံးဘူးပါသည်။ မိမိ၌ စာမလုံလောက်မှန်းသိပါလျက် ပျော်မွေ့၍ ပြန်ဆိုရေးဖြေနေခြင်းသာဖြစ်ပါသည်။ ကျရှုံးခဲ့ဘူးသော်လည်း

စိတ်ပျက်ခြင်း, ဝမ်းနည်းခြင်း, အားငယ်ခြင်း, ညှိုးနွမ်းခြင်း, စိတ်ဓာတ်ကျခြင်း လုံးဝမဖြစ်ခဲ့ဘူးပါ။

တစ်နေ့ စာနှစ်ပါပို့ချယင်း၊ တရားဟောယင်း တည်ငြိမ်အေးဆေးစွာပင် ပြန်ဆိုရေးဖြေခဲ့ပါသည်။ တိပိဋက အားလုံးပြီး၍ နှစ်ကိုလက်ချိုးရေတွက်လိုက်သောအခါ (၁၆)နှစ်တိတိ ကြာသည်ဟု သိလိုက်သည်။ သို့သော် သဒ္ဓါပီတိဖြင့် ပျော်မွေ့လွန်း၍ ၂-နှစ် ၃-နှစ်လောက်သာ ကြာမြင့်သည်ဟု ထင်နေမိခဲ့ပါသည်။ မိမိသည် တိပိဋကစာမေးပွဲကို ကြိုးစားရာ၌ စာသင်သားပုံစံဖြင့် တစ်စိုက်မတ်မတ် စောက်ချလုပ်ခဲ့သည် မဟုတ်ပဲ စာချတစ်ဖက်, တရားဟောတစ်ဖက်, အခြားစာမေးပွဲများတစ်ဖက်တွဲလျက် အေးဆေးစွာ လုပ်ခဲ့သည်ဖြစ်၍(၁၆)နှစ်ခရီးကို မြန်သည်ဟုပင် ထင်ခဲ့ပါသည်။ (၁၆) နှစ်လုံးလုံး နှလုံးသား၌ ဘုရားတည်ခွင့်ရ၍ ဂုဏ်ယူ ဝမ်းမြောက် ကြည်နူးနေမိပါသည်။

ပျော်မွေ့သဖြင့် တိပိဋကပြီးသောအခါ ပဏ္ဏာသ (မဇ္ဈိမနိကာယ်) ကို ဆက်လက်ပြန်ဆိုရန် ကြိုးစားခဲ့ပါသေးသည်။ အချိန်လု၍ လုံးဝမရတော့သဖြင့် လက်လျှော့လိုက်ရပါတော့သည်။ တိပိဋကပြီး၍ ပူဇော်ပွဲလုပ်ကြသည်ကိုလည်း မနှစ်သက်ပါ။ အပူဇော်ခံလို၍ တိပိဋကလုပ်သည်မဟုတ်၊ ပျော်စရာကောင်း၍သာ လုပ်သည်ဟုပြောကာ အများအားဖြင့် ငြင်းပယ်ခဲ့ပါသည်။ ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်းကား လောက၌ မည်သည့်အရသာနှင့်မျှ မနိုင်းယှဉ်နိုင်လောက်အောင် ပျော်မွေ့ဖွယ်ကောင်းလှ၍ အေးချမ်းမွန်မြတ်လှပေသတည်း။

ကံရှိသူတိုင်း တိပိဋကလမ်းကြောင်းပေါ်ရောက်၍ ဉာဏ်ဝီရိယဖြင့် ဓမ္မရတနာကို တူးဖော်သုံးစွဲ နိုင်ကြပါစေ။

**တိပိဋက ရွှေရတုစာစောင်**

* * * * *

# တိပိဋကရေ(ယော)ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၏ ဩဝါဒကထာ

## “တရားစွမ်းအင် အာနိသင်”

* ရောဂါကြောင့်သာ၊ ဆေးဆရာ၊ စွမ်းတာသိနိုင်သည်။
* ကိလေသာဟူ။ အပူကြောင့်သာ၊ ကောင်းစွာကျင့်တက်၊ သူတော်မြတ်၏၊ မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊ ဖြစ်ထွန်းပေါ်လာသည်။
* ရောဂါအများ၊ ရှိနေငြား၍၊ ဆေးဝါးစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်။
* ကိလေသာဟူ၊ အပူအများ၊ ရှိနေငြား၍၊ တရားစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်။

## * နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်းအား ရနိုင်သည်။

ပုထုဇဉ်ရဲ့ အထိန်းလွတ်တဲ့ သာမန်စိတ်ဟာ မောဟအမှောင်ထဲမှာ လောဘ ဒေါသ ရန်နှစ်ဘက် ညှပ်ထောင်းထုသမျှ ခံနေရတာပါ။ အကောင်းနှင့်တွေ့ ရင် လောဘက ထောင်းထုနှိပ်စက်တယ်၊ လောဘ ဆိုတာ ချမ်းသာယောင်ဆောင်ပြီး လောင်နေတဲ့ အပူ ငွေ့ပါ၊ အဆိုးနဲ့တွေ့ပြန်တော့ ဒေါသက ထောင်းထု နှိပ်စက်တာကို ခံရပြန်တာပဲ၊ အဲဒီလို လောဘ ဒေါသ နှိပ်စက်ခံရင်းနဲ့ပဲ တစ်သက်ကုန်သွားတတ်ကြရပါ တယ်၊ တရားကိုလက်ဦးအောင် မကိုင်တွယ်ဖြစ်ရင် အဲဒီတရားဆိုးများက စိတ်ကိုဘယ်အခါမှ လွှတ်ပေး ကြမှာမဟုတ်ပါဘူး။

ကိလေသာ အမွှေခံနေရတဲ့စိတ်ဟာ ကိုယ်ပိုင်စွမ်း အားကို မိမိရရ မဆုတ်ကိုင် မဖေါ်ထုတ်နိုင်တော့ပဲ

အတိတ်ကိုမကျေနပ် ပစ္စုပ္ပန်ကိုလက်လွှတ် အနာဂတ်ကို စိတ်ကူးယဉ်ပြီး ဆောက်တည်ရာမရ ချာချာလည်အောင် မျောနေတတ်ပါတယ်၊ ကိလေသာဝန်ထုပ်ကြောင့် စိတ်ကိုမနိုင်တာပါ။ ကိလေသာရှိတဲ့အတွက်ကြောင့်ပဲ စိတ်ကိုဆုံးမနေကြရတာပါ။

ကိလေသာကြောင့် စိတ်ညစ်, စိတ်ညစ်လို့ ရုပ်ပင်ပန်း, ရုပ်ပင်ပန်းတော့ စိတ်ဆင်းရဲရတယ်၊ ကိလေသာရှင်းတော့ စိတ်စင်ကြယ်, စိတ်စင်ကြယ်လို့ ရုပ်လန်းဆန်းတော့ စိတ်ချမ်းသာရပါတယ်၊ နာမ်နှင့်ရုပ်ဟာ အချင်းချင်းတုံ့ပြန်ကျေးဇူးပြုနေကြတာပါ။

ညစ်ညမ်းတဲ့ကိလေသာကြောင့် စိတ်ညစ်ညမ်းပြီး လူညစ်ပေဆိုးသွမ်းကာ ရန်သူဘက်ရောက်သွားရတယ်။ ကိလေသာကင်းလို့ စိတ်စင်ကြယ်လာရင် လူကောင်းဖြစ်လာပြီး မိတ်ဆွေဘက်ရောက်သွားရပြန်တယ်၊ ပုထုဇဉ်ရဲ့စိတ်ဟာ ရေမှုတ်တစ်ဘက်

မီးစတစ်ဘက် ကိုင်ထားတာဖြစ်လို့ ကိုယ်တစ်ယောက် တည်းတောင် ရန်ဖြစ်နေရတာပါ။

လူ့လောကမှာအနာရောဂါ မရှိခဲ့ရင် ဆေးဆရာရဲ့ အရည်အချင်းစွမ်းရည်ကို မသိနိုင်သလိုဘဲ ကိလေသာ အပူနဲ့ ဆင်းရဲဒုက္ခများမရှိခဲ့ရင် တရားကျင့်တဲ့ သူတော်ကောင်းရဲ့ စွမ်းအားဂုဏ်ရည်များကို သိနိုင် ခွင့်ရမှာမဟုတ်ပါဘူး၊ အနာရောဂါရှိနေလို့သာ ဆေးဆရာရဲ့ စွမ်းရည်ကို သိနိုင်သလို ကိလေသာနဲ့ အပူဆင်းရဲတွေကြောင့်သာ တရားကျင့်သူ သူတော် ကောင်းရဲ့စွမ်းအားကို အတုယူအားကျဖွယ်အဖြစ် သိခွင့်ရမှာဖြစ်ပါတယ်။

ပြီးတော့ အနာရောဂါတွေ မရှိခဲ့ရင် ဆေးဝါးစွမ်း အင်အာနိသင်ကို မသိရသလို ကိလေသာနဲ့ ဆင်းရဲ ဒုက္ခတွေ မရှိရင် တရားစွမ်းအင်အာနိသင်ကို မသိရ ပါဘူး၊ အနာရောဂါကြောင့် ဆေးဝါးစွမ်းအင် အာနိသင် ပေါ်လွင်ရသလို ကိလေသာနဲ့ ဆင်းရဲအပူတွေကြောင့်

သာ အပူငြိမ်းကြောင်း တရားကောင်းရယ်လို့ တရားစွမ်းအင် အာနိသင်ပေါ်လွင်ရတာပါ။

ဒါကြောင့် အနာရောဂါဟာ ဆေးဝါးအာနိသင်နှင့် ဆေးဆရာစွမ်းအင်ကို ဖော်ထုတ်ပေးသလို ကိလေသာနှင့် ဆင်းရဲအပူများဟာ တရားစွမ်းအင် အာနိသင်နှင့် သူတော်ကောင်းစွမ်းအားကို ဖော်ထုတ် ဂုဏ်တင်ပေးတတ်တဲ့ တွန်းအားကြီးများဖြစ်ကြပါတယ်။ လူ့လောကမှာ တွေ့ကြုံနေကြရတဲ့ လူမှုရေးဒုက္ခ အပူ ပြဿနာမျိုးစုံတွေဟာ တရားကုန်ချော ထုတ်လုပ်ပေးနိုင်တဲ့ လူ့ဘဝကုန်ကြမ်းများ ဖြစ်ပါတယ်၊ မသုံးတတ်သူအတွက် ကိလေသာကြောင့် ဂုဏ်ပျက်တတ်ပေမယ့် သုံးတတ်သူအတွက်တော့ ကိလေသာ အပူတွေကြောင့်ပဲ ဂုဏ်တတ်ရပါတယ်။

အမျိုးမှန်တဲ့ ကျောက်မျက်ရတနာနှင့်တူတဲ့ လူ့စိတ်ဓာတ်ကို ကျဉ်းကျပ်ရှုပ်ပွပူလောင်လှတဲ့ ကိလေသာ အမှိုက်သရိုက် ရွှံ့ညွန်ကျောက်ခဲ သဲမြေကြားထဲမှ

ခက်ခက်ခဲခဲ ဆွဲထုတ်ပြီး သီလနှင့်သန့်စင် သမာဓိနှင့် ဆေးကြောပညာနဲ့သွေးပေးနိုင်မှ စင်ကြယ် မြင့်မြတ်တဲ့ လူ့စိတ်ဓာတ်ပေါ်လာရပါတယ်၊ အဖိုးတန် လူဖြစ်ခွင့်ရပါတယ်၊ စိတ်ထားတတ်လို့ မြင့်မြတ်ပြီး ချမ်းသာအောင်နေတတ်လာပါတယ်၊ တကယ်တော့ စိတ်ကောင်း တစ်ခုပေါ်လာဖို့ ကိလေသာတွေလက်ထဲက ခက်ခက်ခဲခဲ ဆွဲထုတ်လုယူရတာပါ၊ သဒ္ဓါ၊ ဝီရိယဓါတ်တွေ အများကြီးသုံးရပါတယ်။

ခန္ဓာနှင့်မကင်းနိုင်တဲ့ စားဝတ်နေရေး စီးပွားရေး လူမှုရေး အလုပ်တွေဆိုတာ မီးရထားဘူတာမှာ ခေါင်းတွဲမရှိလို့ ရပ်ထားရတဲ့ ရထားတွဲကြီးနဲ့ တူပါတယ်။ အချိန်အတိုင်းအတာ တစ်ခုအထိ လေ့လာနာယူမှတ်သားတာမျိုး, အချိန်အကန့်အသတ်တစ်ခုနဲ့ လေ့ကျင့်အားထုတ်တာမျိုးတွေက မီးရထားခေါင်းတွဲနှင့်တူပါတယ်၊ သမ္မာဒိဋ္ဌိ အသိဉာဏ် ခေါင်းတွဲနှင့်

ချိတ်ဆက်ပေးလိုက်ရင် စားဝတ်နေရေး ရထားတွဲကြီးဟာ သိက္ခာသုံးပါး မဂ္ဂင်ရှစ်ပါး လမ်းကြောင်းအတိုင်း လိုက်ပါပေါင်းမိသွားပါတယ်။ ဖြစ်၊ အို၊ နာ၊ သေ ဘူတာတွေကို ကျော်လွန်ပြီး နိဗ္ဗာန်ဘူတာ အရောက်သယ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ခန္ဓာထမ်းဆောင်ရေးတွဲနှင့် တရားတွဲတစ်ဆက်တည်း တသားတည်းပေါင်းမိသွားမှာပါ။

ဗုဒ္ဓသာသနာ့လမ်းစဉ် လက်တွေ့အကျင့်လုပ်ငန်းပိုင်းမှာ သတိဟာ လိုရင်းပဓာန အချုပ်ပါ၊ သတိဆိုတာ အသီးတစ်ရာကို ထိန်းချုပ်ထားနိုင်တဲ့ အညာတစ်ခုသဖွယ် များပြားလှတဲ့ လူ့ကိစ္စမျိုးစုံကို ရည်မှန်းချက်ပြုတ်မကျအောင် ကိုင်တွယ်ထိန်းချုပ်ပေးတဲ့ လောကရဲ့ ပင်မပဓာန အညာကြီးတစ်ခုဖြစ်ပါတယ်။ သတိအညာနှင့် တွဲမိတဲ့ လူ့ရဲ့လုပ်ငန်းကိစ္စအားလုံး ကိုယ်ပိုင်တရားအလုပ်ဖြစ်သွားပြီး အသွင်သဏ္ဍာန်

အနှစ်သာရရော အမြင်ပိုင်းပါ သန့်ရှင်းသပ်ယပ် လှပတင့်တယ် ထည်ဝါခန့်ငြား လေးနက်သွားပါတယ်။

သတိအညာပြုတ်သွားရင် လူ့ကိစ္စအားလုံး တရားအလုပ်နှင့် အိုးစားကွဲပြီး ဖရိုဖရဲ ပြန့်ပြန့်ကြဲ ဖြစ်သွားတတ်ပါတယ်။ အညာခိုင်မှ ကိုယ်ပိုင်ရမှာပါ။ အညာပြုတ်ကျရင်တော့ ဒုက္ခရောက်တတ်ပါတယ်။ စိတ်အစဉ်မှာ သတိမပါရင် အမှန်အတိုင်း ကြည့်နိုင်တဲ့ အသိတရား မတိကျမပြည့်ဝနိုင်ပါဘူး၊ သတိသွင်းမှ အကြည့်ရှင်းပြီး အသိတရား တိကျပြည့်ဝနိုင်ပါတယ်။ စွမ်းအားလည်း အပြည့်ရနိုင်ပါတယ်။

သတိဆိုတာ (၁) အာရုံကို ပုံဖော်ပေးရတယ်။ (၂) အာရုံနှင့် စိတ်ကပ်ပေးရတယ်၊ (၃) အလုပ်မပြီးမီ အာရုံမပျောက်အောင် ထိန်းထားရတယ်၊ (၄) အလုပ်တစ်ခုလုပ်နေစဉ် အခြားမဆိုင်တဲ့ အာရုံတွေ ကြားဖြတ်ဝင်မလာရအောင် စောင့်ရှောက်ပေးရတယ်၊ (၅)အလုပ်

မပြီးမချင်း အစ, အလယ်, အဆုံး အကုန်လုံးသိသိ နေအောင် ရှေ့နောက်အသိချင်း ဆက်စပ်ထားရတယ်၊ သတိကောင်းရင် အလုပ်တစ်ခုပြီးတိုင်း အရည်အသွေး စံချိန်မှီပြီး စွမ်းအားအပြည့်ရနိုင်ပါတယ်။ သတိအထိန်း ပါတဲ့ အားထုတ်မှုကသာ အလေအလွင့်မရှိ တိကျတဲ့ စိတ်စွမ်းအားကို တိုးတက်စေပါတယ်။

သတိဟာ ပစ္စုပ္ပန်တိုင်း တန်ဘိုးထား လေးစားရ ပါတယ်၊ စိတ်မပုပ်အောင် သိုလှောင်ပေးတယ်၊ စိတ် လုံခြုံအောင် ထိန်းသိမ်းပေးတယ်၊ စိတ်တောက်ပြောင် အောင် ပွတ်တိုက်ပေးပြီး အလုပ်တိုင်းစိတ်ကို အကွက် ချပေးတယ်၊ စိတ်မပြန့်ကြဲအောင် သီတံကြိုးသဖွယ် သီကုံးပေးတယ်၊ တရားတံခါးဖွင့်ပေးတဲ့ စိတ်ရဲ့ သော့ တံလည်း ဖြစ်တယ်၊ သတိရဲ့ စွမ်းအားဟာ အနန္တပါ။

သတိလက်လွတ်သွားရင် မေ့လျော့ပေါ့ဆသွားပါ တယ်၊ မေ့ရင် လူဖျင်းဖြစ်ရတယ်၊ လျော့ရင်, ပေါ့ဆ

ရင်တော့ လူညံ့ဖြစ်သွားရပါတယ်၊ မေ့လျော့ပေါ့ဆ တယ်ဆိုတာ အမှန်အတိုင်း တရားစကားနဲ့ အားမနာ တမ်းပြောရရင် "အရူးကလေး" ဖြစ်သွားတာပါ၊ အရူးကလေးဖြစ်နေခိုက်မှာ ဆောင်ရွက်ချက်အားလုံး စွမ်းရည်ပြည့်ဝ ငြိမ်းအေးအောင် လုပ်ဆောင်နိုင်စွမ်း မရှိတော့ပဲ စိတ်စွမ်းရည် ယိုင်လဲသွားရပါတယ်၊ အရူး ကလေးချင်းထပ်ပြီး ဆက်စပ်သွားရင် အရူးကြီးလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် စိတ်ခေတ်ကြံ့ခိုင် မရူးနိုင်အောင် ထိန်းချုပ်ထားတဲ့တရားဟာ သတိပါ။

စိတ်ဆိုတာ အဝိဇ္ဇာ,တဏှာလက်ထဲမှာချည်း အများ ဆုံးနေခဲ့ရတာဖြစ်လို့ အလွန်ကလေးကလား ဆန်လွန်း ပါတယ်၊ သတိဆိုတာ ကလေးထိန်းတဲ့ တရားပါ၊ အပျင်းထူ တဲ့စိတ် ထုံထိုင်းစိတ်ကို ဝီရိယနဲ့ တွန်းအားပေးရ တယ်၊ မျက်စိလည်လမ်းမှားနေတဲ့ စိတ်ကို ပညာက လမ်းညွှန်သွန်သင်ရပါတယ်၊ မကောင်းဆိုးဝါးစိတ်ကို

ကောင်းမွန်သန့်စင်အောင် သဒ္ဓါတရားနဲ့ ဆေးကြောရပါတယ်၊ အဲဒီလေးပါးမှာ သတိနှင့်ပညာက လှူဘဝချိန်သီး၊ သဒ္ဓါနဲ့ ဝီရိယက လှူဘဝလက်တံပါ၊ သတိက စိတ်အာရုံနှင့် အချိန်ကို ထိန်းသိမ်းပေးတယ်၊ ပညာက အလုပ်တိုင်းခတ်ခွဲပေးပြီး အလုပ်တစ်ခုပြီးတိုင်း လုပ်ခထိုက်ထိုက်တန်တန်ပေးပါတယ်၊ သဒ္ဓါကအကောင်းနှင့်ဆက်သွယ်ပြီး အကောင်းရဘို့ အာမခံတာဝန်ယူပါတယ်၊ ဝီရိယကတော့ အားတွေကို ဘေးမျှာထုတ်မပစ်ပဲ အတွင်းမှာ ပြည့်ဝအောင် ထုတ်ယူထားလိုက်ပါတယ်။

ဗုဒ္ဓသာသနာဆိုတာ တစ်ခုတည်းသော ဒုက္ခအပူထွက်ပေါက်ပါ၊ တစ်ခုတည်းသော ဉာဏ်ကောင်းထုတ်လုပ်တဲ့စိတ်၊ စိတ်ကောင်းထုတ်လုပ်တဲ့စက်၊ စိတ်သန့်စင်တဲ့စိတ်၊ စိတ်အပူကို အအေးခံတဲ့စက်ပါ၊ လောကမူးယစ်ဆေးဝါးအရက်သေစာတွေကို မကောင်းမှန်းသိလျက်နဲ့ သုံးစွဲနေကြတာဟာ စိတ်ကိုမေ့ဆေးထုံ

ဆေးထိုးပေးတဲ့သဘောပါ။ အခက်အခဲတွေ မပြေလည်ရုံမျှမက အပူတစ်ခုကို အပူတစ်ရာပွားယူတာဖြစ်သလို အပူသေးသေးကို ကြီးထွားအောင်လုပ်တာပါ၊ လူ့အခက်အခဲကို တရားကလွဲလို့ ဘယ်ဟာကမှ ပြေလည်အောင် မဖြေရှင်းနိုင်ပါဘူး၊ သန့်စင်တိကျစစ်မှန်တဲ့ သာသနာဟာ မြန်မာပြည်မှာသာ အပြည့်အစုံရှိပါတယ်၊ အစိုးရနှင့် ပြည်သူ့, ဆရာနှင့်ဒကာ၊ ညီညာကြည်ဖြူစွာ စောင့်ရှောက်နိုင်တဲ့ ကျေးဇူးကြောင့်ပါ။

**အားလုံးချမ်းသာကြပါစေ။**

**တိပိဋကရွှေရတုစာစောင်မှ**

ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း
မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်

သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော်
တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

**တိပိဋကယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ**

၏

# "ဘဝဖြစ်စဉ်, ကြောင်းကျိုးထင်"

## (ထေရုပ္ပတ္တိအကျဉ်း)

သာသနာ ၂၅၄၂ ကောဇာ ၁၃၆၀ တပေါင်းလ
၁၉၉၉ ခုနှစ် မတ်လ

**(သက်တော် ၅၆၊ သိက္ခာတော် ၃၇)**

# ဘဝဖြစ်စဉ် ကြောင်းကျိုးထင် (ထေရုပ္ပတ္တိအကျဉ်း)

## ဖွားမြင်ရောက်လာ လူတို့ရွာ

ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကယောဆရာတော်) သည် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် (ယောနယ်) လက်ပံရွာ၌ ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်တို့မှ ၁၃၀၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆-ရက် (၂၆. ၃. ၄၃) သောကြာနေ့ နံနက် ၄နာရီခွဲအချိန်တွင် ဖွားမြင်သော (မွေးချင်း ၆ ယောက်) တွင် သားဦးရတနာဖြစ်၍ ငယ်နာမည် (လူအမည်) မောင်သာမောင်ဖြစ်ပါသည်။ မိဘတို့ထံ၌ အတိတ်ကုသိုလ်ကံက ရေးခြယ်ပေးလိုက်သော လူ့ဘဝ အရုပ်ကလေး ၁ ခုပေါ်လာခဲ့သည်။ အတိတ်ကုသိုလ်ကံက

စိုက်ပျိုးပေးလိုက်သော လူ့ဘာဝခန္ဓာအပင်ကလေး ၁ ပင် ပေါက်လာခဲ့သည်။ အသုံးဝင်သော လူ့ဘာဝခန္ဓာ ၁-ခု ဖြစ်လာရန် အတိတ်ဘဝက စိတ်ကောင်း ကံကောင်း အရင်းအနှီးကို မြောက်မြားစွာ စိုက်ထုတ်ပေးခဲ့ရသည်။

## ကလေးဘဝ တက်လမ်းစ

ငယ်စဉ်ကစ၍ တည်ငြိမ်အေးဆေးသည်၊ အလွန်အကဲ ကစားမှုကို ဝါသနာမပါ၊ ကစားလျှင်လည်း တစ်ယောက်တည်းသာ ကစားတတ်သည်။ လူတောသို့ဝင်ရ ရောနှောရမည်ကို ဝန်လေးတတ်သည်။ သူတစ်ပါးတို့နှင့် ခွန်းတုန့်ခွန်းပြန်ပြင်းခုံ၍ စကားပြောလေ့မရှိသူ တစ်ပါးက စတင်ပြင်းခုံ လာလျှင်လည်း ကိုယ်ကသာ အရှုံးပေးတတ်သည်။

မကျန်းမမာဖြစ်လျှင်ပင် သူတစ်ပါးကို မပူဆာတတ်၊ ကိုယ့်ဒုက္ခကို ကိုယ်သာ အောင့်အည်းသည်းခံတတ်သည်၊ ငယ်စဉ်စကားပြောတတ်ခါစ အရွယ်မှစ၍ မိခင်ကစာပေများကို နှုတ်တိုက်ချပေးခဲ့၏။ ဘိုးဘွားများက ပုံဝတ္ထုဇာတ်နိပါတ်တော်များကို မကြာမကြာ ပြောပြ၍ ပုံသွင်းပေးခဲ့ကြသည်။ ပုထုဇဉ်လူသားတိုင်း ကိုယ့်ကိုကိုယ် မနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာ ပြောင်းသည့် အထိန်း တွန်းအား လမ်းညွှန်အမြဲ ရှိနေရစမြဲဖြစ်သည်။ ကိုယ့်ကိုကိုယ်လည်း မထိန်းတတ်သေးက အထိန်းကောင်းလည်း ကင်းလွတ်ခဲ့လျှင် လူ့ဘဝတိမ်းပါးချွတ်ချော်ကာ ဝိုင်းပယ်ခံရသည့် လူ့အမှိုက်ဖြစ်သွားတတ်သည်။

## ဘုန်းကြီးကျောင်းသား သူတပွား

၁၃၁၄-ခုနှစ် ၁၀နှစ်သားအရွယ်၌ မိဘများက လက်ပံရွာကျောင်းဆရာတော် ဦးတိဿထံ ပညာသင်

ကြားရန်အပ်နှံကြသည်။ ဆရာတော် ဦးတိသနှင့် ဦးရိုးတော် ဦးမောင်သန်း (ထိုစဉ်က ကျောင်းသားကြီး) တို့၏ စနစ်တကျ ဂရုစိုက်၍ သင်ပြပေးမှု, သူငယ်၏ ပညာလိုလားကြိုးစားမှုတို့ကြောင့် ၁-နှစ်ခွဲအတွင်း ဆရာသမားများ၏ ချီးကျူးမှုကို အဖန်ဖန်ရရှိကာ ပါဠိမြန်မာစာပေ, ဂဏန်းသင်္ချာ အခြေခံနှင့်တကွ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံတို့ကို အခြေကျကျ ရရှိခဲ့သည်၊ စာပေညှံ့ဖျင်းမှု, စာရိတ္တပျက်ပြားမှု တို့ကြောင့် ဆရာသမားများ၏ အပြစ်ပေးခြင်းကို ၁ ကြိမ် ၁ ခါမျှမခံခဲ့ရဘူးပေ။ မျိုးစေ့ကောင်းသည် အပင်ကောင်းကို ပေါက်ပေး၍ အပင်ကောင်းသည် အသီးအပွင့်ကောင်းကို သီးပွင့်ပေးသကဲ့သို့ မိဘကောင်းသည် သားသမီးကောင်းကို မွေးဖွားပေး၍ ဆရာကောင်းသည် တပည့်ကောင်းကို ဖေါ်ထုတ်ပေးနိုင်စွမ်းရှိသည်။

## မူလတန်းကျောင်း တစ်ဆင့်ပြောင်း

၁၃၁၅-ခုနှစ် နတ်တော်လ၌ ဆရာတော် ဦးတိဿ ရန်ကုန်မြို့သို့ ကြွရောက်သီတင်းသုံးခိုက် မိဘများက သူငယ်၏ ပညာရေးလစ်ဟင်းနှောင့်နှေးမည်ကို စိုးရိမ်ကြသဖြင့် ဘုန်းကြီးကျောင်းမှ ထွက်စေ၍ လက်ပံရွာ အစိုးရမူလတန်းကျောင်း၌ အပ်နှံကြသည်။ ကျောင်းဆရာများက သူငယ်၏အရည်အချင်းကို အ-၃-လုံးစနစ်ဖြင့် စမ်းသပ်စစ်ဆေးကြည့်သောအခါ ရဲရဲတောက် ဖြေပြနိုင်သဖြင့် "အာဂဘုန်းကြီးကျောင်းသား" ဟု အံ့သြချီးကျူးကာ ပထမတန်းမှ စ,တင် သင်ကြားစေကြသည်။ ဦးရီးတော်ဆရာကြီး ဦးဘစန်၊ ဆရာဦးချစ်ကျော်၊ ဆရာဦးပု တို့ထံ၌ ပညာသင်ကြားခဲ့ရာ အနစ်နာခံမှု၊ ပညာလိုလားကြိုးစားမှု စသည်တို့ကြောင့် ကျောင်းသား ကျောင်းသူများ၏စံပြအဖြစ် ချစ်ခင်လေးစား

အရေးထားမှုကို ခံယူရရှိကာ ဆရာများ၏ ချီးကျူးမှုကို ထပ်ကာ ထပ်ကာရရှိလျက် ပထမတန်းမှ စတုတ္ထတန်းထိ နှစ်စဉ်ထိပ်ဆုံးနံပါတ် (၁) ကချည်းသာ အောင်မြင်ခဲ့သည်။ အိမ်သို့ရောက်လျှင်လည်း သားကြီး ၁-ယောက်ဖြစ်သဖြင့် မိခင်၏ အိမ်မှုကိစ္စအားလုံး အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးရ၍ ဖခင်၏ တောင်သူလုပ်ငန်းကိုပါ ဝင်ရောက်ကူညီပေးရသည်။ စည်းကမ်းကြီးသောမိဘများက မအားလပ်အောင် အလုပ်ဖြင့် စည်းကမ်းဘောင်ခတ် ထိန်းကွပ်ပေးထားကြသဖြင့် အခြားကလေးများကဲ့သို့ လည်ပတ်ချိန် ကစားချိန် မရှိသလောက် အလွန်နည်းပါးလှသည်။ မောင်သာမောင်သည် ငယ်စဉ်ကစ ပုပုပိန်ပိန် သေးသေး ကလေးသာဖြစ်သည်။ သို့သော် မိဘများက သားကိစ္စရော သမီးကိစ္စပါ အကုန်အားကိုးကြသည်။ မိဘကောင်းကြောင့် အများကလေးစားကြသည်။

## သာမဏေပြု စာပေမှု

စတုတ္ထတန်းအောင်ပြီးနောက် ၁၃၁၈ခု၊ နှောင်းတန်ခူးလ ၁၄-နှစ်သားအရွယ်၌ မိဘတို့က မူလ ဆရာရင်းဆရာတော် ဦးတိဿထံ ရှင်ပြုမင်္ဂလာပြုလုပ်ကြသည်။ ခဏသာသက်န်းဝတ်ခွင့်ရကြောင်း သိရသဖြင့် ဆရာတော်များက ကိုရင်ဘွဲ့နာမည်မပေးကြချေ။ "ခဏသာဝတ်တာဆိုတော့ ကိုရင်သာမောင်ပေါ့ကွာ" တဲ့ ရှင်သာမဏေဘဝ၌ ဘထွေးတော် (ခမည်းတော်၏ ညီတော်) ဘုန်းကြီး ဦးနန္ဒက က လောကုတ်လောကီပညာရပ်များကို အချိန်ရသမျှ စနစ်တကျသင်ပြပေးသည်။ သာသနာ၌ ပျော်ပိုက်လှသဖြင့် တစ်သက်လုံးသက်န်းဝတ်၍ သာသနာ့တာဝန်ကို ထမ်းဆောင်လိုကြောင်း မိဘများထံ ခွင့်တောင်းအခါ သဘောမတူကြချေ။ သာမဏေဘဝ၌ တစ်လသာနေ၍

လူဝတ်လဲခဲ့ရသည်။ လောကဆွဲအားနှင့် ဓမ္မဆွဲအား ၂-မျိုးတို့တွင် အစမထင်သံသရာကစ၍ ထုံလာခဲ့သော လောကဆွဲအားက အသာရတတ်စမြဲသာ ဖြစ်သည်။ ကိုယ်ကလက်ခံနိုင်သော်လည်း အများက မထောက်ခံလျှင် အကောင်းကိုပင် လက်လွှတ်ရတတ်သည်။

## အလယ်တန်းကျောင်း တစ်ဆင့်ပြောင်း

၁၃၁၉ ခု၊ နယုန်လဆန်း မိဘတို့၏ ဆန္ဒအတိုင်း ဂန့်ဂေါမြို့နယ်၊ ကန်ရွာအစိုးရ အလယ်တန်းကျောင်း (ယခုအထက်တန်းကျောင်း)သို့ပြောင်းရွှေ့၍ ဦးရိုးတော် ဦးပြည့်ထွန်း၊ ဒေါ်ပေါခင်တို့၏ စောင့်ရှောက်မှုဖြင့် အလယ်တန်းပညာကို ဆက်လက် သင်ယူခဲ့သည်။ ဆရာကြီး ဦးခင်မောင်ဌေး, ဆရာဦးသိန်းမော်, ဦးရာမြို့, ဦးတင်လှ, ဦးခင်မောင်သိန်း, ဒေါ်ခိုင်လှ, ဒေါ်စန်းခင်,

တို့ထံ၌ ပညာသင်ကြားခဲ့ရာ တည်ငြိမ်မှု, ပညာလိုလား ကြိုးစားမှုတို့ကြောင့် ဆရာ ဆရာမများ၏ အားရ နှစ်သက် အမွှမ်းတင်မှုကို ခံရသည့်အပြင် ကျောင်းသား ကျောင်းသူများ၏ ခင်မင်လေးစား အရေးထားမှုကို ခံယူရသည်။ လက်ပံရွာ ဦးရီးတော် ဆရာကြီး ဦးဘစိုးကလည်း နွေရာသီကျောင်းပိတ်ရက်များ၌ အိမ်သို့ခေါ်၍ ကြိုးစားသင်ပြပေးခဲ့သည်။ ပဥ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ဗုဒ္ဓဘာသာ စာမေးပွဲတို့ကို နံပါတ် (၁) ကချည်းသာ အောင်မြင်ခဲ့၍ ၁၃၂၁ ခု (၁၉၆၀ ခု) အစိုးရစစ် သတ္တမတန်း စာမေးပွဲကိုကား ပြိုင်ဘက်မရှိ တစ်ကျောင်းလုံး တစ်ယောက်တည်းသာ အောင်မြင်ခဲ့လေသည်။ ကံဉာဏ်ဆန္ဒ လုံ့လ ကျန်းမာ ရေး ဆရာကောင်းနှင့် အားပေးသူစသော အတွင်း အပ အကြောင်းကောင်းများ ပြည့်စုံခိုက် အားစိုက် သလောက် ပေါက်ရောက်တတ်စမြဲတည်း။

# သာသနာရောက် နှစ်ကြိမ်မြောက်

မောင်သာမောင် ကန်ရွာ၌ ပညာသင်ကြားစဉ် ကန်တောရကျောင်းတိုက်သို့ မကြာမကြာ ရောက်ခဲ့သည်။ ကန်တောရ ဆရာတော်ဘုရားကြီးများကို မကြာခဏဖူးတွေ့ရ၊ အဆုံးအမများကို မကြာခဏ ကြားရသည်မှာ အေးမြကြည်နူး တန်ဖိုးကြီးမားလှသည်၊ သာသနာခေတ် တစ်စတစ်စ ကူးစက်စိမ့်ဝင်လာခဲ့သည်။

သတ္တမတန်း ဖြေဆိုအောင်မြင်ပြီးနောက် သာသနာဘောင်သို့ဝင်ရန် မိဘထံ ခွင့်တောင်းသော်လည်း သဘောမတူကြပေ။ ဦးရီးတော် ဦးပြည့်ထွန်းက တရားပြကာ နားချပေးသောအခါမှသာ မိဘများ သဘောတူကျေနပ်ခဲ့ကြသည်။

ထို့ကြောင့် ၁၃၂၂ခု နယုန်လဆန်း ၈-ရက် (၁၈)နှစ် သားအရွယ်၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက်၌ ပထမကန် တောရဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြုလျက် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြန် သည်။ ကန်တောရ စာချဆရာတော် ဦးနန္ဒိမာက "ရှင်သိရိန္ဒ" ဟု ဘွဲ့မည်ပေးလေသည်။

ကန်တောရ ပထမဆရာတော်ဦးကေတုနှင့် တတိ ယဆရာတော် ဦးဝိသုတို့က ရှင်သိရိန္ဒကို မကြာမကြာ အနားသို့ခေါ်၍ အေးမြကြည်နူးဖွယ် အဆုံးအမများကို ပေးသနားကာ အားပေးချီးမြှောက်တော်မူကြသည်။ တတိယဆရာတော်ဦးဝိသုတ, စတုတ္ထဆရာတော် ဦးကေလာသ၊ စာချဆရာတော် ဦးနန္ဒိမာ၊ ဦးသာကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ပါတိမောက်၊ ကခ်ါ၊ ရူပသိဒ္ဓိ၊ မာတိကာ၊ ဓာတုကထာ၊ ပါဠိရေးနည်း၊

ဂါထာလက်ာစီကုံးနည်း၊ တို့ကို ရှင်သာမဏေဘဝ ၂-နှစ်အတွင်း အခြေကျကျ ရရှိအောင် သင်ယူခဲ့သည်။ မေတ္တာ ကရုဏာ အသိပညာပြည့်ဝသော ပညာရှိသူတော်ကောင်းကြီးများနှင့် တွေ့ဆုံခွင့်ရခြင်းသည် မည်သည့် ပစ္စည်းနှင့်မျှ မလဲနိုင်သည့် တန်ဖိုး မဖြတ်နိုင်သော အကောင်းမြတ်ဆုံးသော လာဘ်ကြီး ၁-ခု ဖြစ်သည်။ ပညာရှိသူတော်ကောင်းနှင့် ၁-ကြိမ် ၁-ခါ ၁-ခဏမျှ ပေါင်းသင်းဆက်ဆံခွင့်ရလျှင်ပင် ၁-သက်လုံး စောင့်ရှောက် တတ်စမြဲဖြစ်သည်။ တက်လမ်းပွင့်သွားတတ်သည်။

## ရဟန်းအဖြစ် ဘဝသစ်

၁၃၂၄-ခု ကဆုန်လပြည့်ကျော် ၈-ရက် စနေနေ့၌ ဂန့်ဂေါမြို့နယ်၊ ကန်တောရကျောင်းတိုက် ခဏ္ဍသိမ်ဝယ်

တတိယ ကန်တောရ ဆရာတော် ဦးဝိသုတကို ဥပဇ္ဈာယ်ပြုလျက် လက်ပံရွာ ခမည်းတော် ဦးရဲနိုင် မယ်တော် ဒေါ်တုတ်ခိုင်၊ ဘေးတော် ဒေါ်ခြုံ (အဖွား၏မိခင်)၊ ဘိုးဘွားများဖြစ်ကြသော ဦးကျော်ထိုက်-ဒေါ်စိုးချုပ်၊ ဒေါ်ရွှေဖုံး (အဖိုးဦးသာစိန်၏ဇနီး)တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ဦးသိရိန္ဒာပင်ဖြစ်သည်။ မိမိ၏ ရဟန်းခံပွဲ၌ မိမိကိုယ်တိုင်တရားကို စတင်ဟောခဲ့၍ မိမိကိုယ်တိုင် ရတုပိုဒ်စုံနှင့်ဂါထာများ ရေးသားရိုက်နှိပ် ဖြန့်ဝေခဲ့သည်။ သူ့မေတ္တာကို ကိုယ့်မေတ္တာဖြင့် တုန့်ပြန်မှု တာဝန်ကျေသည်ဟုခံယူကာ အရဲစွန့် ကြိုးစားခြင်းသာ ဖြစ်သည်။

## သိမ်ထပ်မင်္ဂလာ အခါခါ

ကလေးမြို့၊ သာစည်စမ်းချောင်း ဆရာတော် ဦးစာရိတ္တ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်တို့၏ ချီးမြှောက်မှုဖြင့် (ဒကာမပါဘဲ) သိမ်ထပ်ခဲ့သည့်ပြင်၊ မြို့စုံ၊ နယ်စုံ၊ အဆင့်စုံ ဒကာ ဒကာမများစွာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အကြိမ် (၂၀၀)ကျော်ထိ (ဒကာဒကာမတို့၏ စေတနာကိုငဲ့၍) အကြိမ်ကြိမ် အခါခါ သိမ်ထပ်မင်္ဂလာ ပြုလုပ်ခဲ့သည်။

## စာပေသင်ကြား ရွှေ့သို့သွား

ရဟန်းခံပြီးနောက် ပညာ ဆက်လက်သင်ကြားရန် အတွက် ၁၃၂၄ ခု၊ နယုန်လဆန်း (၁၁)ရက်နေ့တွင်

ဂန့်ဂေါမှ မန္တလေးသို့ လေယာဉ်စီး၍ သွားရာ "ဓမ္မါစရိယမအောင်မချင်း ဂန့်ဂေါနှင့် မွေးမြေကို ခြေမချတော့ပြီ" ဟု ဆုံးဖြတ်ချက်ခဲ့သည်။ (၆-နှစ်ပတ်လုံး နေရပ်သို့ မပြန်ဘဲ စွဲစွဲမြဲမြဲ ကြိုးစားခဲ့သည်။ ၁၃၃၀ ခု၊ ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာအကျော် အောင်ပြီးမှ နေရပ်သို့ ပြန်ဖြစ်ခဲ့သည်။)

မန္တလေး ဝိဇ္ဇာလင်္ကာရတိုက်၌ တစ်ပတ်ခန့် တည်းခိုသည်။ ဝိဇ္ဇာလင်္ကာရတိုက်၌ နေထိုင်စဉ် ယခု မြို့သာဆရာတော် ဦးနရိန္ဒ ယခု ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးကောသလ္လတို့သည် ညီအရင်းကဲ့သို့ အထူးပင် စောင့်ရှောက်ကူညီကြသည်။ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးခေမာစာရ၊ ကြက်ဖနက်ဆရာတော် ဦးကောသလ္လ ထိုမာဆရာတော် ဦးပညာဝံသတို့ ကိုယ်တိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့လိုက်၍ ကူညီအပ်နှံပေးကြသည်။ ဦးပဏ္ဍိစ္စ (ယခု ကန်ရွာ ဦးဘသော်)၏

အကူအညီကိုရသောကြောင့် မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနချုပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်း၌ လွယ်ကူချောမောစွာ နေခွင့်ရခဲ့သည်။

သာသနာပိုင် မြောင်းမြဆရာတော်, သံတော်ဆင့်ဆရာတော်, သူဌေးတန်းကျောင်းဆရာတော် ဦးဂရုဓမ္မ, အောင်မြေသာစည်ကျောင်း ဆရာတော် ဦးဥတ္တရာဇီဝနှင့် စာချ ဦးပဏ္ဍုဝံသတို့၏ ဆုံးမညွှန်ကြားမှုကို ခံယူကာ ပညာသင်ကြားခဲ့သည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ မစိုးရိမ်ကျောင်းတိုက်သို့သွား၍ မစိုးရိမ်ဆရာတော် ဦးဝိစိတ္တာဘိဝံသ, ဦးစန္ဒောဘာသာဘိဝံသ, ဦးကောသလ္လ (လေး), ဦးသိရိန္ဒာဘိဝံသ, ဦးကောဝိဒါဘိဝံသ, ဦးရာဇဓမ္မာဘိဝံသ, ဦးဝိပုလ, ဦးကုန္ဒာစာရ, ဦးဓမ္မာနန္ဒ, တို့ထံ၌လည်းကောင်း၊ တောင်ထီးလင်းတိုက်သို့သွား၍ ညဝါ

အကျော် ဆရာတော် ဦးဝဇိရဗုဒ္ဓိထံ၌ လည်းကောင်း ပရိယတ္တိပညာများကို လေ့လာသင်ကြားခဲ့သည်။

ငယ်စဉ်ကစ၍ ဆရာမိဘ ဘိုးဘွားကောင်းတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို နွံနာအောင် ခံယူခဲ့ရသော အရှိန်ကြောင့် မြို့ကြီး၌ နေရသော်လည်း အပေါင်း အသင်းမမှားရ၊ မများရအောင် အာရုံများစွာ ဆွဲအောင်ရာ သို့ မလိုက်မိအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည်။

ဆွမ်းခံအိမ်ဖိတ်ရဲသော သတ္တိလုံးဝမရှိ။ ဒကာ ဒကာမများက ထိုင်ဆွမ်းပင့်သည်ကိုပင် စကားပြော ရဲသောသတ္တိမရှိ၍ လက်မခံ၊ လက်ပံရဟန်းအမကြီး အဖွား ဒေါ်ရွှေဖုံးက ထမင်းဆိုင်၌ လခပေးထားမည်ဟု ဆိုသည်ကိုလည်း စာသင်သားဘဝနှင့် မတန်သဖြင့် အလိုက်သိသိဖြင့် ငြင်းပယ်ခဲ့သည်။ ဆင်းရဲခက်ခဲ ပင်ပန်းမှသာ ပညာတန်ဖိုးရှိမည်ဖြစ်၍ ရှိသမျှ, ရသမျှ ဖြင့် တင်းတိမ်ရောင့်ရဲကျေနပ်ကာ ဖြောင့်မတ်

စူးစိုက်စွာ ကြိုးစားသည်။ အစီအစဉ်ပါသော ဆင်းရဲ၏ နောက်မှာ ချမ်းသာစောင့်ကြိုနေသည်ဟုလည်း စိတ်ကို အားသွင်းထားသည်။

မန္တလေး၌ ၅-နှစ်နေပြီး၍ မဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဦးတိလောက၏ တိုက်တွန်းညွှန်ကြားအပ်နှံပေးချက်အရ ၁၃၂၉ ခု၊ နယုန်လ၌ ရန်ကုန်မြို့ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ၊ ရွှေကျင်တိုက်သစ် ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ ခြေတော်ရင်းသို့ ရောက်ခဲ့သည်။ ဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံ, စာချဆရာတော် ဦးသိလာစာရာဘိဝံသ (၄-ဘွဲ့ရ) (ယခု ဦးသာဌေးမြင့်), အလယ်တောရ ဆရာတော် ဦးသူရယာဘိဝံသ တို့ထံ၌ စာပေပညာကို သင်ယူလျက် မိမိကလည်း စာသင်သားများအား နေ့စဉ် စာဝါ (၂)ဝါစီ သင်ပြပို့ချပေးကာ ကြိုးစားအားထုတ်ခဲ့သည်။ ၁၃၂၉ ခု၌ စာချတန်းမပြီးသေးသော်လည်း

အရည်အချင်းကို ယုံကြည်စိတ်ချ ကျေနပ်သဖြင့် ဝိသုဒ္ဓါရုံဆရာတော်က စာချဘုန်းကြီးတာဝန် အပ်နှင်းချီးမြှောက်တော်မူသည်။ စာသင်တစ်ဖက်, စာချတစ်ဖက်, တာဝန် ၂-ချက်ကို အားတက်သရော အထူးကြိုးစားရသည်။

အောင်ပွဲဆင့်ဆင့် နွဲတိုင်းတင့်

မန္တလေး မဟာဝိသုဒ္ဓါရုံ၌နေခိုက် အချိန်မကုန်လူမပန်းဘဲ ၁၃၂၄-ငယ်၊ ၁၃၂၅-လတ်၊ ၁၃၂၆-ကြီး ၁၃၂၇-စာချတန်း ပါ+နီ၊ ၁၃၂၈-ဝိနယပါဠိပါရဂူနှင့် စေတိယင်္ဂဏစာသင်တန်းတို့ကို နှစ်စဉ်အောင်မြင်ခဲ့သည်။ စေတိယင်္ဂဏစာသင်တန်း အောင်မြင်သဖြင့် "အဘိဝံသ" ဘွဲ့တိုးကာ "အရှင်သိရိန္ဒာဘိဝံသ" ဘွဲ့ဖြစ်လာသည်။

ရန်ကုန်မဟာဝိသုဒ္ဓါရုံသို့ ရောက်လာသောအခါ ၁၃၂၉ ခု၌ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်း ၃-ကျမ်း၌ တစ်နိုင်ငံလုံး နံပါတ် ၁-အမှတ်အများဆုံး ရ၍ အောင်မြင်သဖြင့် "အဂ္ဂမဟာအကျော်" ဘွဲ့ နှင့် "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကိုရရှိသည်။

၁၃၃၀ခု၌ မန္တလေး သကျသီဟ စာသင်တန်းကို နံပါတ် ၁-အမှတ်အများဆုံးဖြင့် အောင်မြင်၍ ၁၃၃၁ ခု၌ ရန်ကုန် စေတိယင်္ဂဏစာချတန်း ၃-ကျမ်းပြီး သဖြင့် "သိရိန္ဒာဘိဝံသ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက" ဘွဲ့ကို ရရှိသည်။

## တိပိဋက လမ်းအစ

အရှင်သိရိန္ဒသည် ၁၃၂၄ ခုနှစ်က "ဓမ္မာစရိယ အောင်လျှင် ကိုယ့်ရပ် ကိုယ့်နယ်မြေသို့ ပြန်၍

တောဘုန်းကြီးကလေးတစ်ပါးအနေဖြင့် သာသနာပြုမည်” ဟူသော ရည်ရွယ်ချက်ဖြင့် မြို့သို့ ပညာသင်ရန် လာခဲ့ခြင်းဖြစ်သည်။ မြို့ကြီးများ၌ အပြစ်ကင်းအောင် နေထိုင်ဖို့ ခဲယဉ်းသဖြင့် အမြဲနေထိုင်ရန် ဆန္ဒမရှိခဲ့ချေ။ ဆရာ မိဘဆွေမျိုးများကလည်း မြို့ကြီးများ၌ အမြဲ မနေစေလိုကြပေ။ ထို့ကြောင့် ဓမ္မာစရိယ ရိုးရိုးပြီးဖို့ တစ်ခုလောက်သာ စိတ်၌ ဦးတည်ရည်မှန်းခဲ့သည်။ သကျသီဟ, စေတိယင်္ဂဏတို့ကို ခက်လှသည်ဟု ကြားဖူး၍ စိတ်ကူးမျှပင် မထည့်ခဲ့ချေ။ တိပိဋကဓရ ဟူသည်ကိုကား မိမိနှင့် ထိုက်တန်သည်ဟုပင် မယူဆ ခဲ့ချေ။ သို့ရာတွင် ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံသ၏ အားပေးတိုက်တွန်းခြင်း၊ ဘုရား ဟော ပိဋကပါဠိတော်များကို အစွမ်းရှိသလောက် လေ့လာလိုခြင်း၊ နှလုံးသား၌ ဘုရားတည်လိုခြင်း

စသော အကြောင်းများကြောင့် အကြောင်းအားလျော်စွာ တိပိဋကဓရလမ်းစသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

## အသံမထွက် စာကိုကျက်

အရှင်သိရိန္ဒာ၏ စာကျက်နည်းသည် ရှားရှား ပါးပါးထူးခြားသော နည်းဖြစ်သည်။ စာကိုအသံထွက်၍ မကျက်၊ ပါးစပ်လှုပ်၍ကျက်သည့်အခါပင် အလွန်နည်းသည်။ မျက်စိကိုဖွင့်လိုက် မှိတ်လိုက်ကြည့်ရှု၍ နှုတ်လုံးသွင်းပြီးကျက်သည်။ စာသတိပဋ္ဌာန် အလုပ်သဘောမျိုးပင်ဖြစ်သည်။ ကျက်ပြီးစာကိုလည်း အသံထွက်၍ မပြန်ဘဲ မျက်စိထဲ စိတ်ထဲ၌ ထင်ရုံသာ မျက်စိမှိတ်ပြီး စိတ်ဖြင့်နှုတ်လုံးသွင်းသည်။ စိတ်လွင့်တတ်သည့်အခါ လက်ချောင်းများကိုချိုး၍ အမှတ်ပေးပြီး နှုတ်လုံးသွင်းသည်။

သူတစ်ပါးရှေ့၌ အစမ်းပြန်ပြသည့်အခါမျိုး၌သာ အသံထွက်သည်။

ဤအသံတိတ်နည်းသည် စာပေလုပ်ငန်းကြောင့် ကိုယ်ခန္ဓာ မပင်ပန်းခြင်း၊ လေနာထခြင်းစသော ရောဂါမှ ကင်းဝေးခြင်း၊ မိမိအသံကြောင့် သူတစ်ပါး အနှောင့်အယှက်မဖြစ်ခြင်း၊ စိတ်ထဲ၌စွဲမြဲနေသဖြင့် ဖြေဆိုရာ၌ ပိုမိုခရီးရောက်ခြင်း စသော အကျိုးများစွာကို ရစေနိုင်သောကြောင့် ဖြစ်နိုင်လျှင် အသက်သာဆုံး အကောင်းဆုံးပင် ဖြစ်သည်။

ထို့ကြောင့်ပင် သကျသီဟ စာသင်တန်းရော စာချတန်းပါ နံပါတ် ၁-ဖြင့်ချည်းသာ အောင်ခဲ့စဉ် အခါက ရန်ကုန်ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက **“ဒီစာတွေဘယ်အချိန်မှာ ဘယ်လိုလုပ်ကျက်ထားတာလဲ၊ စာကျက်တာလဲမတွေ့ရ၊ စာအံသံလဲမကြားရပါလား၊ သူများတွေ သကျသီဟစာမေးပွဲ လုပ်ပြီဆိုရင်**

**အသံထွက်မတတ် ကျက်နိုင်၊ အံနိုင်၊ ကြိုးစားနိုင်မှ အောင်တတ်ကြပါတယ်။ ကိုယ်တော့ဟာကတော့ တစ်မျိုးပါလား”ဟု ချီးကျူးအံ့ဩသံဖြင့် မေးမြန်းသောအခါ “မှန်ပါ ဘုရားတပည့်တော်လဲ ကြိုးစားသင့်သလောက်တော့ ကြိုးစားရတာပါပဲဘုရား၊ ဒါပေမယ့် ဘုရားတပည့်တော်နည်းက စာကျက်ပေမယ့် စာကျက်မှန်းကို အများကမသိနိုင်တဲ့ အသံတိတ်နည်း စိတ်မှတ်နည်းပါဘုရား”** ဟု ပြန်လျှောက်ရာ ဆရာတော်က **“ဩ ... ဒီလိုလား၊ ဒီလိုဆို ကိုယ်တော့နည်းနဲ့သာဆိုရင် ပိဋကတ ၃-ပုံကို ကျက်ရင်တောင် မပင်မပန်း သက်သက်သာသာနဲ့ ပြီးသွားနိုင်တယ်၊ ဖြစ်နိုင်ရင် ပိဋကတ ၃-ပုံကို ဆက်ပြီးကျက်ပါအုံး”** ဟု ဝမ်းသာအားရ အားပေးချီးမြှောက်စကား မိန့်ကြားတော်မူခဲ့လေသည်။

၁၃၃၁ ခုဉ္စ သကျသီဟစာချတန်းနှင့် စေတိယင်္ဂဏ စာချတန်းကို ကြီးစားရင်း စာသင်သားများ အားလည်း စာ ၂-ဝါပို့ချရင်း ဝိနည်း ၅-ကျမ်းပါဠိတော်ကို စတင်ကျက်မှတ်၍ တိပိဋကဓရ ရွေးချယ်ပွဲ၌ ပြန်ဆိုခဲ့ရာ အချိန်မီအောင် မကျက်လိုက်ရသော စူဠဝဂ်ဥဒါန်းစဉ် ပါထာအချို့မှတပါး အားလုံးချော မောစွာ ပြန်ဆိုနိုင်ခဲ့သည်။ စာ ကုန်အောင် မကျက်ရ သေးသဖြင့် မအောင်နိုင်မှန်းသိသော်လည်း သဒ္ဓါ တရား သက်သက်ဖြင့် ကြည်လင်ပျော်ရွှင်စွာ ပြန်ဆို ခဲ့ခြင်းဖြစ်သည်။ သကျသီဟ စာချတန်း ၁-ကျမ်းစွဲ၍ စေတိယင်္ဂဏစာချတန်း ၃-ကျမ်းပြီးကာ ဝိနည်း ၅-ကျမ်းတော့ မအောင်ခဲ့ပါ။

# အခက် ၂ ပွဲ ၁ နှစ်ထဲ

၁၃၃၂ ခု၌ မပြီးပြတ်သေးသော သကျသီဟ စာချတန်းကိုလည်း ကြိုးစားလျက် စာသင်သားများအား နေ့စဉ်စာဝါ ၂-ဝါကိုလည်း ချပို့ကာ, ဝိနယပိဋကကို လည်း တွဲဖက်၍ ကျက်မှတ်ကြိုးစားခဲ့ရာ သကျသီဟ စာချတန်းကို နံပါတ် ၁-အမှတ် အများဆုံးဖြင့် အောင် မြင်၍ "သိရိန္ဒာဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာ စရိယ" ဘွဲ့ကိုရရှိသည်။ အဘိဝံသ ၂-မျိုးဖြစ်လာသည်။

ထိုနှစ်၌ပင် ၂၃ကြိမ်မြောက် တိပိဋကရေရွေးချယ် ပွဲတွင် ဝိနည်း၅ကျမ်းကို ပြန်ဆိုရေးဖြေခဲ့ရာ အာဂုံရေးဖြေ ၂-မျိုးလုံးအောင်မြင်သဖြင့် "ဝိနယဓရဝိနယကောဝိဒ" ဘွဲ့နှင့်လစဉ်ဆွမ်းဆန်တော်စရိတ်, ကုန်းရေခရီးသွား လာခွင့် အထက်တန်းလက်မှတ်, အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၁-လက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ခံယူရရှိခဲ့သည်။ ၁-နှစ်တည်း၌ အခက်ဆုံး ၂-ပွဲကိုထိပ်ဆုံးကချည်း အောင်မြင်ခဲ့သည်။

## အရှိန်မပျက် ဆက်၍တက်

၁၃၃၃ ခု အဘိဓမ္မာပထမပိုင်းအာဂုံ ၁၃၃၄ ခု၊ မန္တလေးနိကာယ်သီလက္ခန်နှင့် ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ (ပါဠိ ပါရဂူ ၂-မျိုး ဖြစ်လာသည်။) ၁၃၃၅ ခု သုဝဏ္ဏဘူမိအာဘိဓမ္မိကတန်းနှင့် ဝိဘင်္ဂါဒိ မြန်မာ ဂုဏ်ထူးအောင်မြင်သဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ ၁၃၃၆ခု အတ္တဝိသာရဒ မူလအာဘိ ဓမ္မိကဘွဲ့နှင့် အဘိဓမ္မာ ပထမပိုင်းရေးဖြေ၊ ၁၃၃၈ခု ဓမ္မ ဝိသာရဒ မဇ္ဈိမအာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရ ရွေးချယ်ပွဲ အဘိဓမ္မာ ဒုတိယပိုင်း အာဂုံရေးဖြေ ၂-ရပ် လုံးအောင်မြင်သဖြင့်အာဘိဓမ္မိက အဘိဓမ္မကောဝိဒ ဘွဲ့ကို ရရှိသည်။ ပိဋက ၂-ပုံပြီးသဖြင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၂-လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို လက်ခံ ရရှိခဲ့သည်။

၁၃၄၀ ခု၊ နိကာယဇ္ဈောတက အတ္ထဝိသာရဒ ဒီဃ ဘာဏကဘွဲ့နှင့် တိပိဋကရေ ရွေးချယ်ပွဲ ဒီဃဘာဏက ဘွဲ့သင်ရိုးပိဋက ၃ပုံအာဂုံပြီးဆုံးသဖြင့် တိပိဋကရေဘွဲ့ နှင့် အရိုးနီ ကနက္ကဒဏ်ထီးဖြူတော် ၁-လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်ကို ခံယူရရှိသည်။

## တိပိဋက အောင်ပွဲရ

၁၃၄၁ ခုမှ ၁၃၄၅ ခုထိ ၅-နှစ်ပတ်လုံး တိပိဋကဘွဲ့ အပေါ် အဓိပတိမတပ်သေးဘဲ စာချလုပ်ငန်းနှင့် တရား ဟောလုပ်ငန်းကိုသာ ကြိုးစားနေခဲ့သည်။ စာကို ၁- ခေါက်ပေါက်အောင် မဖတ်မိတော့ဘဲ တိပိဋက စာမေးပွဲကို ဖြေရုံသာဖြေနေခဲ့သည်။ နှစ်ပေါင်းများစွာ မနေမနား အရှိန်အဟုန်ဖြင့် ချီတက်ကြိုးစားလာခဲ့ပြီး အပေါက်ဝရောက်လာခါမှ ခြေတစ်လှမ်း လက်တကမ်း လောက်သာကျန်ခါမှ အေးစက်စက်လုပ်နေသည်ကို

မည်သူမျှ မကျေနပ်ကြ။ “တိပိဋကဘွဲ့မလိုချင်သေးလို့ပါ” “တိပိဋကဘွဲ့ရသွားရင် ဒုက္ခတာဝန်တွေ များမှာကြောက်လို့ပါ” စသည်ဖြင့် ချေပသည့် မရေရာ မခိုင်လုံသည့် အဖြေစကားကိုလည်း မည်သူမျှလက်မခံ၊ သူတို့က ကာယကံရှင်ထက် ပိုကဲနေကြသည်။ “မင်းကွန်း တိပိဋကဆရာတော်ကြီးလဲ သက်တော် ၄၀ကျော်မှ တိပိဋကဘွဲ့ရခဲ့တာဖြစ်လို့ အရွယ်နှင့်ဂုဏ် သိပ်ထိုက်တန်တာဘဲ၊ ဦးပဥ္စင်းလဲ အသက် ၄၀ ကျော်တော့ဖြစ်လာမှာပေါ့” စသည်ဖြင့် တုန့်ပြန်သည်ကိုလည်း မည်သူမျှ သဘောမတူ၊ တွန်းအားမျိုးစုံ ပေးကြသည်။

အမှန်အားဖြင့် အဓိပတိမတပ်သေးသည်မှ တပါးအခြား နည်းသည့်အကြောင်းမျှမရှိပါ၊ အချိန်မတန်သေး၍လည်း ဖြစ်နိုင်သည်။ ၁၃၄၆ခုနှစ်ကား အချိန်က စကားပြောလာသည်ဖြစ်သဖြင့် တန်ဆောင်မုန်းလကွယ်ထိစာသင်သားများအတွက် စာ ၂-ဝါကို ကြိုးစား၍

သင်ကြားပို့ချပေးခဲ့ပြီး နတ်တော်၊ ပြာသို ၂-လ တိတိ မင်းကွန်းတောင်ရိုး ရတနာဂူချောင်သို့သွား၍ ဆရာတော် ဦးကာရဏိက၏ ကူညီစောင့်ရှောက်ချီးမြှောက်မှုဖြင့် စာကို အဓိပတိတပ်ဆင်ကာ ကြိုးစားကျက်မှတ်လိုက်သည်။

ထိုနှစ်တပို့တွဲလ၌ ၃၇-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ ဒီဃနိကာယ်ကို ဖြေဆိုခဲ့ရာ အောင်မြင်သဖြင့် ဒီဃနိကာယကောဝိဒဘွဲ့ကို ရရှိသည်။ သင်ရိုးပိဋက ၃-ပုံအားလုံးပြီးဆုံးသည်။ ပထမ တိပိဋကဓရဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသသည် သက်တော် ၄၂-နှစ် သိက္ခာတော် ၂၃-ဝါ၌ တိပိဋကဘွဲ့ကို ရရှိသကဲ့သို့ ပဉ္စမ တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသသည်လည်း ၄၂-နှစ်, ၂၃-ဝါ၌ပင် တိပိဋကဘွဲ့ကို ရရှိလေသည်။

၁၃၄၆ ခုနှစ် ၄၂-နှစ် ၂၃-ဝါတွင် သင်ရိုး ပိဋက ၃-ပုံပြီးဆုံးသဖြင့် တိပိဋကကောဝိဒဘွဲ့၊ လစဉ် ဆွမ်းဆန်တော်စရိတ်နှင့် မိဘအတွက် လစဉ်ထောက်ပံ့

စရိတ်၊ တပည့် ၂-ဦးနှင့်အတူ ကုန်း ရေ လေ ၃-ဌာနၵ္ဍ အခလွတ်ခရီးသွားလာခွင့် အထက်တန်း လက်မှတ်၊ အရိုးဝါ ကနက္ကဒဏ်ထိုးဖြူတော် ၃-လက် တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိသည်။

စာချလည်းမပျက်၊ တရားဟောလည်း မလစ်ဟင်း၊ ကိုယ်ပိုင်ကိစ္စကိုလည်း ကြားညှပ်၊ ကျန်းမာရေးလည်း မထိခိုက်ဘဲ အေးအေးမှန်မှန် တက်လာခဲ့ရာ ငယ်စဉ်က လုံးဝစိတ်မကူးခဲ့ မမျှော်လင့်ခဲ့သော အခြံအရံဘွဲ့များ နှင့်တကွ တိပိဋကဘွဲ့ကို သာသနာ့ကျက်သရေ မြန်မာ ကျက်သရေကိုဆောင်ကာ ရရှိခဲ့လေတော့သည်။

တိပိဋကရွေးချယ်ပွဲ၌ အာဂုံရော ရေးဖြေပါ ကျရှုံး ဘူးသည်။ မိမိ၌ စာမလုံလောက်မှန်းသိပါလျက် ပျော် မွေ့၍ ပြန်ဆိုရေးဖြေနေခြင်းသာဖြစ်သည်။ ကျရှုံးခဲ့ဘူး

သော်လည်း စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ညှိုးနွမ်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ လုံးဝ မဖြစ်ခဲ့ဘူးပေ။ တစ်နေ့ စာ ၂-ဝါချင်ယင်း၊ တရားဟောယင်း၊ တည်ငြိမ်အေးဆေးစွာပင် ပြန်ဆိုရေးဖြေခဲ့သည်။

တိပိဋကအားလုံးပြီး၍ နှစ်ကို လက်ချိုးရေတွက်လိုက်သောအခါ ၁၆-နှစ်တိတိ ကြာသည်ဟု သိလိုက်သည်။ သို့သော် သဒ္ဓါပီတိဖြင့် ပျော်မွေ့လွန်း၍ ၄-၅ နှစ် လောက်သာ ကြာမြင့်သည်ဟု ထင်နေမိခဲ့သည်။

တိပိဋကစာမေးပွဲကို ကြိုးစားရာ၌ စာသင်သားပုံစံဖြင့် တစ်စိုက်မတ်မတ် ဇောက်ချလုပ်ခဲ့သည်မဟုတ်ဘဲ စာချတစ်ဖက်၊ တရားဟောတစ်ဖက်၊ အခြားစာမေးပွဲများတစ်ဖက်၊ တွဲလျက်အေးဆေးစွာ လုပ်ခဲ့သည်ဖြစ်၍ ၁၆-နှစ်ခရီးကို မြန်သည်ဟုပင် ထင်နေမိခဲ့သည်။ ၁၆-နှစ်လုံး နှလုံးသား၌ ဘုရားတည်ခွင့်ရ၍ ဂုဏ်ယူဝမ်းမြောက် ကြည်နူးမှုသာ ဖြစ်နေခဲ့သည်။

ပျော်မွေ့သဖြင့် တိပိဋကပြီးသောအခါ ပဏ္ဏာသ (မဇ္ဈိမနိကာယ်)ကို ဆက်လက်ပြန်ဆိုရန် ကြိုးစားခဲ့သေးသည်။ အချိန်လုံ၍လုံးဝမရတော့သဖြင့် လက်လျှော့လိုက်ရတော့သည်။ တိပိဋကပြီး၍ ပူဇော်ပွဲပြုလုပ်ကြသည်ကိုလည်း မနှစ်သက်ပါ။ “အပူဇော်ခံလို၍ တိပိဋကလုပ်သည်မဟုတ်၊ ပျော်စရာကောင်း၍ သာလုပ်သည်” ဟုပြောကာ အများအားဖြင့် ပူဇော်ပွဲများကို ငြင်းပယ်ခဲ့သည်။

ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်းကား လောက၌ မည်သည့်အရသာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် ပျော်မွေ့ဖွယ်ကောင်း၍ အေးချမ်းမွန်မြတ်လှပေသည်။

# ဘူမိနက်သန် မြေကောင်းမှန်

အရှင် သိရိန္ဒာဘိဝံသ၏ မွေးဖွားခဲ့ရာ လက်ပံရွာ နေထိုင်ခဲ့ရာ ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာ စည်ကျောင်းကြီး၊ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ သွားရောက်ပညာသင်ကြားခဲ့ရာဖြစ်သော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ တောင်ထီးလင်းတိုက်၊ ရန်ကုန်မြို့ အလယ်တောရ ကျောင်းတိုက်၊ သွားရောက်အနားယူ စာကျက်ခဲ့ရာ ဖြစ်သော ကလေးမြို့နယ် မြို့လှရွာကျောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၊ မန္တလေးမြို့ စိန်ပန်းတိုက်သစ်၊ ကဝမြို့နယ် သက္ကလရွာ တောင်ကျောင်း၊ မင်းကွန်းတောင်ရိုး ရတနာဂူချောင်၊ တို့သည် ဘူမိနက်သန် မြေကောင်းမှန်လှပေတော့သည်။

# အသားလွတ်စား သွေးသားစင်ကြယ်

အရှင်သိရိန္ဒာဘိဝံသသည် ကျန်းမာရေးကို အကြောင်းပြု၍ ၁၃၇၇-ခု၊ အသက်-၃၃နှစ်အရွယ်မှ စ၍ သားငါးစားသောက်ခြင်းမှ ရှောင်ကြဉ်ကာ အသားလွတ်ဘုဉ်းပေးခဲ့သည်။ အသားလွတ် ဘုဉ်းပေးခြင်းဖြင့် အချို့ရောဂါများ လုံးဝပျောက်ကင်းခြင်း၊ စိတ်ကြည်လင်ခြင်း၊ သွေးသားစင်ကြယ်၍ ကျန်းမာခြင်း၊ အစားအသောက်တာဝန်ပေါ့ခြင်းစသော ကောင်းကျိုးများစွာတို့ကို ရရှိခဲ့သည်။ အကျင့်ထူးကြီး ၁-ခုလုပ်၍ ကျင့်နေခြင်းကား မဟုတ်ပေ။

## စာပေပို့ချ ဟောညွှန်ပြ

၁၃၂၉ ခုနှစ်မှစ၍ ယနေ့အထိ နေ့စဉ် စာဝါ (၂)ဝါ (၃)ဝါစီ ပုံမှန် ပို့ချသင်ပြပေးလာခဲ့သည်။ အထူးအားဖြင့် ညဝါကျမ်းများနှင့် စာချတန်းဆိုင်ရာ အဋ္ဌကထာ ၃-ကျမ်းလုံးကို နည်းစနစ်ရအောင် ချပို့သင်ပြပေးလျက်ရှိသည်။ တိပိဋ္ဋကဓရ လောင်းလျာများ၊ သကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်တပည့်များ မြောက်များစွာပေါ်ထွန်းခဲ့သည်။ ဒကာဒကာမများအတွက်လည်း ကာလဒေသကို ချင့်ချိန်၍ (စာသင်တိုက် ယန္တရား မထိခိုက်မရပ်တန့်ရအောင် နှိုင်းချိန်၍) မေတ္တာရှေ့ထားကာ လက်တွေ့အသုံးချတရားများကို ဦးစားပေးရွေးချယ်လျက် တရားကိုလည်း စိတ်ပါ လက်ပါ ထက်ထက်သန်သန် ဟောကြားပေးနေသည်။ သာမန်အကြောင်း ကိစ္စကြောင့် စာဝါ

အပျက်မခံတတ်ပါ။ စာဝါထိခိုက်အောင် ပျက်အောင်လည်း တရားပွဲကို လက်မခံတတ်ပါ။ တာရှည်ခံမည့်သာသနာပြုအလုပ်ကိုသာ ဦးစားပေးတတ်သည်။

## စာပေကျမ်းဂန် လမ်းအမှန်

၁။ စိတ်ထိန်းကိရိယာ ၂။ ဘဝလမ်းညွှန် ၃။ သာခုလေးပါးမြတ်တရား ၄။ အပေါင်းလက္ခဏာ ၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ ၆။ ကံကိုထိန်းချုပ် စိတ်ခလုတ် ၇။ စိတ်ဓာတ်ကိုမြှင့်လုပ်ပိုင်ခွင့် ၈။ ကိုယ့်လမ်းကိုယ်လျှောက်ကောင်းရာရောက် ၉။ အချိန်တန်ဖိုး လူ့တန်ဖိုး ၁၀။ ဘဝတစ်ကွေ့ခဏတွေ့ ၁၁။ ကိုယ်ပိုင်အလုပ်ခပ်သုတ်သုတ် ၁၂။ တရားအသိလူမျက်စိ ၁၃။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် ၁၄။ နှလုံးသားဝယ် ဘုရားတည် ၁၅။ အေးမြရွှင်ပြုံးလူ့နှလုံး ၁၆။ လူ၏စွမ်းအား

မြတ်တရား ၁၇။ ကိုယ့်ကိုကိုယ်ချစ် လူအစစ် ၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန် ၁၉။ ဓမ္မာစရိယ လမ်းပြကျမ်း စသည်တို့ကို ရေးသားကာ ဓမ္မဒါနအဖြစ်ဖြင့် ဖြန့်ဝေ လှူဒါန်းခဲ့သည်။

## သာသနာပြု အားထုတ်မှု

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးဝါသဝါဘိဝံသ ပျံလွန်တော်မမူမီ ၁၃၃၉-ခု၌ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို နောင်တော်ကြီး ဦးကောဏ္ဍည နှင့်တွဲဖက်၍ စောင့်ရှောက်ထိန်းသိမ်း သာသနာပြုရန် တာဝန်ပေးအပ်လွှဲထားခဲ့သဖြင့် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသော ၁၃၄၁-ခုမှစ၍ ၁၃၅၉-ခုထိ ဆရာတော် ဦးကောဏ္ဍညနှင့်တွဲဖက်၍ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို ကြီးပွားတိုးတက် စည်ကားအောင် အစွမ်းကုန် ကြိုးစား စောင့်ရှောက် သာသနာပြုခဲ့သည်။

ဆရာတော် ဦးကောဏ္ဍညနှင့် အရှင်သိရိန္ဒာဘိဝံသ တို့သည် ၁-ကျောင်းတိုက်တည်း ၂-ပါးအတူတွဲ၍ နေရ စေကာမူ ဆရာတူတပည့်ဖြစ်ခြင်း၊ တိုက်တာနှင့် သာသနာကြီးပွားစေလိုသော ဆန္ဒချင်းတူခြင်း၊ ပျံလွန် တော်မူသွားသော ဆရာတော်ကြီးအပေါ် ချစ်ခင်လေး စားမှုတူခြင်း၊ တစ်ပါးနှင့်တစ်ပါး ညီအစ်လိုရင်းလို စိတ်ထားတတ်ခြင်း စသောအကြောင်းများကြောင့် အချင်းချင်းဆန့်ကျင်ဖက် လုံးဝ မဖြစ်ခဲ့ဘူးချေ။ သူ့ တာဝန် ကိုယ့်တာဝန် ကျေပြွန်အောင် ထမ်းဆောင်လျက် ချစ်ခင်ညီညွတ်စွာ လက်တွဲကြိုးစားခဲ့ကြသည်။ ထို ညီညွတ်မှုကို တွေ့မြင်ကြရသော ရဟန်းရှင်လူ ခပ်များများက လက်ဖျားခါ၍ အံ့သြချီးကျူးခဲ့ကြသည်။ အထူးအဆန်း ၁-ခုဟု အသိအမှတ်ပြုခဲ့ကြသည်။ ညီညွတ်မှုကြောင့်ပင် ကျောင်းတိုက်ကြီး တစ်ဟုန်ထိုး

တိုးတက်စည်းကား ကြီးပွားလာခဲ့သည်။ အရေအတွက် ထက် အရည်အချင်းကို ဦးစားပေးကာ စည်းကမ်း ဘောင်ခေတ် တင်းကျပ်တိကျစွာ အုပ်ချုပ်ခဲ့ကြသည်။

၁၃၄၅-ခုဌ် ကလေးမြို့ ဗောဓိကျောင်းဆရာတော် ဦးကောသလ္လ၊ ထိုမာရွာကျောင်း ဆရာတော် ဦးပညာဝံသ တို့၏ ပူဆာတိုက်တွန်း လှဲအပ်မှုကြောင့် ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို လက်ခံ၍ စာသင်တိုက် အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ တပည့်ကြီး ဦးတေဇဝန္တနှင့် ဦးဉာဏဗလတို့အား တာဝန်ပေး၍ ကိုယ်တိုင် မကြာမကြာ သွားရောက်လမ်းညွှန်ကာ ကိုယ်အား ဉာဏ်အားဖြင့် စွမ်းနိုင်သလောက် ထိန်း သိမ်း စောင့်ရှောက် သာသနာပြုလျက်ရှိသည်။

၁၃၅၁-ခုဌ် တောင်ဖီလာ တောရဆရာတော် ဦးကောသလ္လ၏ ပူဆာတိုက်တွန်း လှဲအပ်မှုကြောင့် ကလေးမြို့နယ် တောင်ဖီလာ တောရကျောင်းတိုက်ကို လက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင် ဖွင့်လှစ်

ပေးခဲ့ရပြန်သည်။ တပည့်ကြီး ဦးရာဇိန္ဒအား တာဝန်ပေး၍ ကိုယ်တိုင်မကြာမကြာ သွားရောက်လမ်းညွှန်ကာ စောင့်ရှောက်ထိန်းသိမ်း သာသနာပြုလျက်ရှိပါသည်။

၁၃၅၇-ခုနှစ်၌ ဗိုလ်မှူးချုပ်တင်ဦး (ယခု သံအမတ်ကြီး ဦးတင်ဦး)နှင့် ခမရ-၃၆၂ မိသားစု၊ အင်ဒိုင်းကြီး ဒကာများ၏ ပူဆာတိုက်တွန်း လျှောက်ထားမှုကြောင့် ကလေးမြို့နယ် အင်ဒိုင်းကြီးရွာကျောင်းကို လက်ခံကာ တပည့်ကြီးများအား တာဝန်ပေး၍ ကိုယ်တိုင်လည်း လမ်းညွှန်စောင့်ရှောက် သာသနာပြုပေးနေသည်။

၁၃၅၉-ခု၌ ဆရာတော် ဦးကောဏ္ဍည ဘဝနတ်ထံ ပျံလွန်တော်မူသွားသဖြင့် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ပဓာန နာယက အဖြစ်

ဆက်လက် တာဝန်ယူရသည်။ တပည့်ကြီးများနှင့်အတူ လက်တွဲ၍ အရေအတွက်ထက် အရည်အချင်းကိုပင် ဦးစားပေးလျက် ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ကာ သာသနာပြုနေသည်။

ပရိသတ်ကို အုပ်ချုပ်သည့်အခါ ခန္တီမေတ္တာကို အများဆုံးသုံး၍ သိမ်မွေ့စွာ အုပ်ချုပ်သည်။ (၁)မတည့်အတူနေသဘောမျိုးမရှိစေဘဲ မိသားစုစိတ်ဓာတ်ထားကာ ပျော်ရွှင်ချမ်းမြေ့စွာ အတူလက်တွဲနေထိုင်ရေး (၂) အဆင့်မမီသေးသူ အခက်အခဲကြုံနေရသူများကို ကရုဏာဖြင့် အေးမြစွာအရိပ်ပေး၍ ဖေးမကူညီ စောင့်ရှောက်ရေး (၃) တကယ်တော်သူ ကောင်းသူ များကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင်ချီးမြှောက်ရေး (၄) မတော်မကောင်း တိမ်းစောင်းသွားသူ အပြစ်ရှိသူများကို

ဥပေက္ခာဖြင့် အေးမြစွာ ပြစ်ဒဏ်ပေးရေး ဟူသော ဗြဟ္မဝိဟာရလမ်းစဉ် ၄-ချက်ဖြင့်သာ အုပ်ချုပ်သည်။ ရိုက်နှက်ဆူပူငေါက်ငမ်းခြင်း လုံးဝပြုလေ့မရှိပါ။

အလုပ်တာဝန်များပြားသော်လည်း အပူအရှုပ်မခံ တတ်ပါ။ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာသာ ကိုင်တွယ် ဆောင်ရွက်လေ့ရှိသည်။ ခြောက်ကပ်ကပ် ပရိယတ် မဖြစ်ရအောင် လက်တွေ့ပဋိပတ်ကိုလည်း အချိန်ပိုင်း ခြားကန့်သတ်၍ နေ့စဉ် ကျင့်သုံးအားထုတ်စေသည်။ ပရိယတ်ဖြင့် ပဋိပတ်ကို ထိန်းပေး၍ ပဋိပတ်ဖြင့် ပရိယတ်ကို အသက်သွင်းကာ အလှဆင်ပေးနေသည်။ အရေအတွက်များဖို့ထက် အရည်အသွေးပြည့်ဝဖို့သာ အဓိကထား၍ မိမိကိုရော သူတပါးကိုပါ မြှင့်တင် ပေးလျက်ရှိသည်။

သာသနာရေး ဆောင်ရွက်ချက်များကို ပူဇော်သော အားဖြင့် ၁၃၅၁ (၁၉၉၀ ပြည့်နှစ်) အသက် ၄၇-နှစ်

အရှယ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ဦးဆောင်လမ်းပြ ပါဝင်ရ

ပထမ ၅-နှစ် ဒုတိယ ၅-နှစ်သက်တမ်း ကာလပတ်လုံး ဝိနည်းဓိုရ် တာဝန်ကို ထမ်းဆောင်ခဲ့၍ ၁၃၄၆-ခုမှစ၍ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်ဖြစ်ခဲ့သည်။ ထို့နောက် ဆက်လက်၍ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ တိပိဋကရေရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊ ဓမ္မသာကစ္ဆာအဖွဲ့ဩဝါဒါစရိယ၊ တက္ကသိုလ်များဗုဒ္ဓဘာသာအသင်း ဩဝါဒါစရိယ၊ ဆူးလေစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဘိဓမ္မာပြန့်ပွားရေး

အသင်းဩဝါဒါစရိယ၊ ဓမ္မဗျူဟာစာစောင်ဩဝါဒါစရိယ၊ ဓမ္မဗျူဟာ သာသနာမာမကအဖွဲ့ဩဝါဒါစရိယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ၊ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဩဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်း၏ ဩဝါဒါစရိယ၊ ရန်ကုန်-မန္တလေးယောနယ်အသင်း၏ဩဝါဒါစရိယ၊ မြတ်မင်္ဂလာစာစောင်နာယက၊ မိုးကုန်မြို့ နိကာယ်သာသနာတော် ကြီးပွားရေးအသင်း၏ ဩဝါဒါစရိယ၊ မင်္ဂလာဗျူဟာအသင်း၏ ဩဝါဒါစရိယ၊ ပဋိကဗျူဟာအဖွဲ့၏ ဩဝါဒါစရိယ၊ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ ဩဝါဒါစရိယစသော တာဝန်များကို ထက်သန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။

## ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း

မိမိဇာတိ လက်ပံရွာ၌ သိန်း (၁၀၀)ကျော်အကုန်ကျခံ၍ ဘုရား၊ ကျောင်းကန်၊ ဓမ္မာရုံ၊ တံတိုင်း၊ ရေတွင်း စာကြည့်တိုက်၊အလယ်တန်းကျောင်း၊ မီးစက်စသည်တို့ကို

ဆောက်လုပ်ပြုပြင်တပ်ဆင်ပေးခဲ့သည်။ မယ်တော်ကြီး အတွက်(ခမည်းတော်ရှိစဉ်က ခမည်းတော်ကြီးအတွက်ပါ) နှစ်စဉ် ပစ္စည်းမျိုးစုံ၊ တရားတိတ်ခွေနှင့်စာအုပ်မျိုးစုံပေး၍ ကျေးဇူးဆပ်နေသည်၊ တရားအားထုတ်နိုင်အောင် အလှူလုပ်၍ ကုသိုလ်ပြုနိုင်အောင်လည်း အထူးဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ မယ်တော်ကြီးကို (ဦးလေး-ဦးမောင်သန်းနှင့်အတူ) ရန်ကုန်မြို့သို့ခေါ်ယူ၍ သီးခြားနေအိမ် တိုက်ခန်းပေးပြီး အာမိသဓမ္မဖြင့် အနီးကပ်ကျေးဇူးဆပ်နေသည်။ အသက်(၇၀)ကျော် အဘိုးအဘွားများနှင့် ဂိလာနများအား နှစ်စဉ်ထောက်ပံ့ လှူဒါန်းခဲ့၍ ပညာရည်ချွန်ကလေးများအားလည်း ဆုချီးမြှင့်ခဲ့သည်။

ရန်ကုန်-မန္တလေးရောက် ယောနယ်ဇာတိဖြစ်သော ပရိယတ္တိစာမေးပွဲနှင့် သာသနာရေးစာမေးပွဲများကို ဖြေဆိုအောင်မြင်ကြသော ရဟန်းသာမဏေ သီလရှင် လူပုဂ္ဂိုလ်များအားလည်းကောင်း၊ ကလေးမြို့စာသင်တိုက်ခွဲ (၂)တိုက်မှ စာအောင်သံဃာများနှင့် စာချဘုန်းကြီးများအားလည်းကောင်း၊ နှစ်စဉ်ဆုပေးပွဲကျင်းပကာ

သက်န်းစသည်ကို လှူဒါန်းချီးမြှင့်နေခဲ့သည်။ မိမိ ကျောင်းသားဘဝက နေထိုင်ခဲ့ရာ ကန်ရွာကြီး၌ ဆေးရုံ သစ်ကြီးဆောက်လုပ်ရန် သိန်းပေါင်းများစွာ စွန့်ကြဲ လှူဒါန်းကူညီပေးခဲ့သည်။ မိမိကျောင်းသားဘဝက ပညာသင်ကြားခဲ့ရာ ကန် အ. ထ. ကနှင့် သာမဏေဘဝ က ပညာသင်ကြားခဲ့ရာ ကန်တောရတိုက်၌ လိုအပ် သည်များကို လှူဒါန်းပေးခဲ့သည်။ အနယ်နယ်အရပ်ရပ် မှ ထူးချွန်သူ စာအောင်ရဟန်းတို့အားလည်း ဆုချီးမြှင့် သည်။

မိမိနေထိုင်ရာ ရန်ကုန်ဗဟန်းမဟာဝိသုဒ္ဓါရုံကျောင်း တိုက်အတွင်း၌ကား အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံး စာမေးပွဲထိ ကျောင်းအစမ်းစာမေးပွဲပါမကျန် ပရိယတ္တိ စာမေးပွဲမျိုးစုံကို ဖြေဆိုအောင်မြင်ကြသော ရဟန်းသာ မဏေများ၊ သာသနာရေးစာမေးပွဲကိုဖြေဆိုအောင်မြင် ကြသော ကျောင်းသားများအား နှစ်စဉ်လစဉ်အပတ်စဉ် အမြဲ ဆုချီးမြှင့်လှူဒါန်းနေပါသည်။

စာချဘုန်းကြီးများအားလည်း ကာလဒေသ ပုဂ္ဂလ

အားလျော်စွာ ဒါန ပေယျဝဇ္ဇ (ပိယဝါစာ) အတ္ထစရိယာ သမာနတ္တတာ ဟူသော သင်္ဂါဟဝတ္ထု (၄)ပါးဖြင့် အားပေးချီးမြှောက် စောင့်ရှောက်လေ့ရှိသည်။ မွေးနေ့ အလှူကို လစဉ်ပြုလုပ်ပေး၍ ပါတိ မောက္ခ ဒွေသက (ပါတိမောက်ပြရဟန်း) အား ဥပုသ်တိုင်း ချီးမြှင့် လှူဒါန်းသည်။ တိုက်သံဃာပစ္စည်း (၄)ပါး ပြည့်စုံရေး၊ ပရိယတ္တိပညာပြည့်စုံရေး၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရေးအတွက် အထူးကြောင့်ကြစိုက် အားထုတ်သည်။ များဖို့ထက်ကောင်းဖို့ ကြာရှည်ခံဖို့ ဦးစားပေး ရွေးချယ်သည်။ တိပိဋကဓမ္မကထိက ဖြစ်ရေးထက် တိပိဋက စာချဖြစ်ရေးအတွက်သာ အဓိကထား ကြိုးစားသည်။

## စေတနာမှန် ကိုယ့်ထံပြန်

ဂန္ထန္တရ ဗာဟုသစ္စဂုဏ်၊ ဂန္ထရစနာဂုဏ်၊ ဂန္ထဝိုရာဝဟဂုဏ်၊ ဗဟုဇနဟိတဓရဂုဏ်၊ တိပိဋကဓရ တိပိဋက ကောဝိဒ လဒ္ဓလဉ္ဆနဂုဏ်တို့နှင့် ကုံလုံပြည့်ဝသော ဘဒ္ဒန္တ သိရိန္ဒာဘိဝံသအား ၁၃၆၀ခုနှစ် (၁၉၉၉)ခုနှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်၊ ဆင်စွယ်ယပ်ဝန်းတော်၊ လက်မှတ်နှင့် သာသနာ့အောင်လံတော်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

* * * * *

## မွေးလက်ဆောင် (၇)
## မွေးဒါန အလှူရှင်များ

❖ ❖ ❖ ❖ ❖

၁။ ဦးရှိန်ဝင်း - ဒေါ်ခင်ချိုဦး (တက်လမ်း ဆောက်လုပ်ရေး)၊ မိုလ်ရာညွန့်လမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။
၂။ ဦးပန်းမောင် - ဒေါ်သန်းစိန်၊ သား-မြို့မောင်မောင်၊ သမီး-သစ်သစ်ထွန်း၊ အရှေ့တပ်မြေလမ်း၊ အောင်သုခရပ်၊ မော်လမြိုင်မြို့။
၃။ ဦးတင်သိန်းဝင်း - ဒေါက်တာဒေါ်ကြွေကြွေနိုင် မိသားစု၊ ဝါတိုးဈေးကုန်း၊ ရမည်းသင်းမြို့။
၄။ ဦးကျော်ကျော်အောင် - ဒေါ်သင်းစုလှိုင်၊
သား - ကျော်ချစ်ရအောင်၊ ကျော်သုခအောင်၊
ကမ္ဘာ့အေးပိုင်သာ ရွှေတောင်ကြား (၁)၊ ဗဟန်း၊ ရန်ကုန်မြို့။
၅။ ဦးသိန်းဝင်း - ဒေါ်မြမြအေး (ခေါ်) ဒေါ်စန်းစန်းဝင်း၊
သမီး - မစန္ဒာ၊ သား - မောင်ဝင်းကျော်၊ မောင်မြည်၊
ဗိုလ်ချို (၁)၊ ဗဟန်း၊ ရန်ကုန်မြို့။
၆။ ဒေါ်သန်းဦး မိသားစု၊ ရွှေတောင်ကုန်း၊ ရွှေတောင်ကြား၊ ဗဟန်း၊ ရန်ကုန်မြို့။
၇။ ဦးအောင်ခင် - ဒေါ်ခင်မြနိုင် မိသားစု၊ အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
၈။ ဒေါက်တာဦးမျိုးနိုင် (မျက်စိ) - ဒေါ်မြဦး မိသားစု၊ ရွှေတောင်ကုန်း၊ ရွှေတောင်ကြား၊ ဗဟန်း၊ ရန်ကုန်မြို့။

(အုပ်ရေ - ၁၀၀၀၀)